EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်®

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၂၇) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | (ဩဂုတ် ၆ ၊ ၂၀၁၈)

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

## ကန်ပိုင်တီနယ်စပ်၊ တရုတ်နိုင်ငံ ကူရှန်းမြို့မှာ မြန်မာနိုင်ငံသားတွေကို ဖမ်းဆီးချုပ်နှောင်

စာ - ၃ သို့ »

## တရုတ်ပြည်မှ ဝင်ရောက်လာသည့် ကုန်တင်ကားကြီးများကို ဖမ်းဆီးစစ်ဆေး

စာ - ၁၁ သို့ »



စီမံ/ဘဏ္ဍာရေး ဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန တာဝန်ရှိသူများမှ စစ်ဆေးနေစဉ်　　ဓာတ်ပုံ - Ah Je



KNC ပါတီရုံးတွင် ဩဂုတ်လ (၂) ရက်နေ့က သတင်းမီဒီယာများနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်　　ဓာတ်ပုံ - Salai

## ကချင်ပါတီများ ပေါင်းစည်းပြီ

စာ - ၄ သို့ »

ကချင်ပြည်နယ် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ဦးဆောင်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါဦးဆောင်ကော်မတီကို ဇူလိုင်လ ၃၁ ရက်က နိုင်ငံရေးပါတီများ၊ CSO/NGO/ဘာသာရေးအဖွဲ့၊ယဉ်ကျေးမှုအဖွဲ့၊ လူငယ်၊ အမျိုးသမီးနှင့်ဥပဒေပညာရှင်တို့ဆွေးနွေးပွဲတစ်ခုပြုလုပ်ကာဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ကချင်ဒီမိုကရက်တစ်ပါတီ(KDP) ဥက္ကဋ္ဌ ဦးအောင်ခမ်းထံမှသိရသည်။

## ဆဒုံး–ဆဂါပါလမ်း လတ်တလောမခင်းနိုင်သေးဟု နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုဝန်ကြီးပြော

စာ - ၁၅ သို့ »

## မြစ်ကြီးနားမြို့ပေါ်တွင် အုပ်စုဖွဲ့လုယက်ခဲ့သည့် လူငယ်များကို ဖမ်းဆီး

စာ - ၇ သို့ »

## ကြားဖြတ်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ထုတ်ပြန်ကြေညာမည်

စာ - ၅ သို့ »

## ဖားကန့်က လူငယ်လေးယောက်ကို လူသတ်မှုဖြင့်ဖမ်းဆီး

စာ - ၇ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဩဂုတ် ၆ ၊ ၂၀၁၈ )

# ကချင်ပြည်နယ် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ဦးဆောင်ကော်မတီဖွဲ့စည်း

မြစ်ကြီးနား၊ ဩဂုတ် ၂

ကချင်ပြည်နယ် ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ဦးဆောင်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါဦးဆောင်ကော်မတီကို ဇူလိုင်လ ၃၁ ရက်က နိုင်ငံရေးပါတီများ၊ CSO/ NGO/ ဘာသာရေးအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့၊ လူငယ်၊ အမျိုးသမီးနှင့် ဥပဒေပညာရှင်တို့ ဆွေးနွေးပွဲတစ်ခုပြုလုပ်ကာ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ကချင်ဒီမိုကရက်တစ်ပါတီ (KDP) ဥက္ကဋ္ဌဦးအောင်ခမ်းထံမှ သိရသည်။

"ဆပ်ကော်မတီ လေးခုကို ဖွဲ့စည်းနိုင်ခဲ့တယ်။ ပထမကတော့ မူကြမ်းရေးဆွဲရေးကော်မတီ ၇ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ သုတေသနဌာန ဆပ်ကော်မတီကိုလည်း ဖွဲ့စည်းနိုင်ခဲ့တယ်။ လေ့ကျင့်ရေးပေါ့။ ဖက်ဒရယ်နဲ့ ဆိုင်တဲ့ဟာတွေကို သင်တန်းတွေပေးဖို့လည်း ဖွဲ့စည်းနိုင်ခဲ့တယ်၊ နံပါတ် ၄ အနေနဲ့ကတော့ ရရှိတဲ့အချက်အလက်တွေကို ပြည်သူလူထုသိအောင် အကုန်လုံးဖြန့်ချိမယ့် Conservation ကော်မတီနဲ့ Information ကော်မတီကို ဖွဲ့စည်းနိုင်ခဲ့တယ်"ဟု ဦးအောင်ခမ်းက ပြောသည်။

ကချင်ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပိုမိုခိုင်မာလာရေး ဆက်လက်ဆောင်ရွက်သွားရန်အတွက် ယခုကဲ့သို့ Main ကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အဆိုပါကော်မတီတွင် အဖွဲ့အစည်းပေါင်းစုံပါဝင်ကြောင်း နိုင်ငံရေးပါတီ၊ CSO၊ ဘာသာရေး၊ အမျိုးသမီး၊ လူငယ်၊ IDP နှင့် ပညာရှင်များ ပါဝင်ကြောင်း ကချင်ပြည်နယ် ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။



ဓာတ်ပုံ - Pan Naw Chya Hkyi

"နှစ်နှစ်လောက်ရှိပြီ။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကို လုပ်ဆောင်ခဲ့တာ နှစ်နှစ်ကျော်ပြီ။ ပါတီဆိုဒ်ဘက်က ပါတီသုံးလေးခုက ပေါင်းပြီးလုပ်ခဲ့တယ်။ ပထမမူကြမ်းကရပြီ။ အဲ့ဒီအပေါ်မှာ ထပ်ပြီးဆွေးနွေးလေ့လာပြီးသုံးလေးလအတွင်းမှာ အချိန်ယူပြီးတော့မှ ဘာသာရေး၊ ယဉ်ကျေးမှုစတဲ့အဖွဲ့တွေ လက်လှမ်းမီသလောက်လိုက်ပြီး ရှင်းပြတယ်။ အကြံဉာဏ်တောင်းတယ် ဆွေးနွေးပွဲတစ်ခုလုပ်ခဲ့တာပါ"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ဆွေးနွေးပွဲ တက်ရောက်ရေးအတွက် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးမှ ကိုယ်စားလှယ်များကို ဖိတ်ကြားခဲ့သော်လည်း ငါးမြို့နယ်ခန့်မှ ကိုယ်စားလှယ်များသာ တက်ရောက်နိုင်ခဲ့သည်ဟုလည်း ၎င်းကပြောသည်။

ပိုမိုပြည့်စုံသည့် ကချင်ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရရှိလာရေးအတွက် မြို့နယ်အလိုက် သွားရောက်ကာ ရရှိလာသည့်မူကြမ်းကို ဒေသအသီးသီးမှ လူထုများအား ရှင်းပြခြင်း၊ အကြံဉာဏ်တောင်းခံခြင်းများလည်း ပြုလုပ်သွားမည်ဟုဦးအောင်ခမ်းကပြောသည်။

လက်ရှိအချိန်တွင် ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သွားရောက်ရန်အတွက် ရန်ပုံငွေ အခက်အခဲရှိနေပြီး သွားရောက်နိုင်ရေးအတွက် အဆင့်ဆင့် ဆောင်ရွက်သွားမည်ဟုလည်း ဆိုသည်။

"ဒါက မူကြမ်းအဆင့်ပဲရှိပါသေးတယ်။ ကချင်ပြည်နယ်အတွင်းမှာ နေထိုင်တဲ့ တိုင်းရင်းသားပေါင်းစုံနဲ့လည်း ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲ့အဆင့်ထိ လုပ်ရမယ်။ ကျွန်တော်တို့မျှော်မှန်းတာကတော့ ၂၀၂၀ မတိုင်မီမှာ ၂၁ ရာစုပင်လုံညီလာခံမှာဖယ်ဒရယ်မူတွေချမှတ်နိုင်ပြီဆိုရင် အဆင်သင့်ဖြစ်အောင် လုပ်ထားခြင်း ဖြစ်ပါတယ်။ ပြည်နယ်က မြို့နယ်အပေါ် မသက်ရောက်နိုင်သေးဘူး။ ဖိတ်ဖို့ ငွေရေးကြေးရေးအခက်အခဲ အရသွားမယ့် ခရီးစဉ်တွေလည်းအများကြီးလိုသေးတယ် မလုပ်နိုင်သေးဘူး တစ်ဆင့်ပြီး တစ်ဆင့်လုပ်သွားမယ်" ဟု ၎င်းက ထပ်မံပြောဆိုသည်။

ယခုကဲ့သို့ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရခြင်းမှာ လက်ရှိကျင်းပလျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံအစည်းအဝေးတွင်ပြည်နယ်ဖွဲ့အစည်းပုံအခြေခံဥပဒေကဏ္ဍဖြင့် ဆွေးနွေးရန် ပါရှိလာပါက အဆင်သင့်ဆွေးနွေးနိုင်ရန် ကြိုတင်ရေးဆွဲထားခြင်းဖြစ်သည်ဟု ဒေါက်တာတူးဂျာက ထပ်မံပြောဆိုသည်။

"ဖက်ဒရယ်ပြည်ထောင်စုဖြစ်လာတဲ့အခါမှာ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးကြမယ် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးကြမယ်ဆိုတဲ့အခါ ပြည်နယ်မှာ ကိုယ့်ပြည်နယ်တွေပဲ ရေးရမှာကိုး အဲ့ဒီအခါ ကချင်ပြည်နယ်ရဲ့ အခြေခံဥပဒေရေးဆွဲဖို့ လိုအပ်လာတဲ့အချိန်မှာ အဆင်သင့်ဖြစ်အောင် ရေးဆွဲထားတာပါ။ တကယ်အခိုင်အမာရေးဆွဲဖို့ အချိန်ကျလာတဲ့အခါမှာ အထောက်အကူဖြစ်လာအောင် ကြိုတင်ပြင်ဆင်ထားတဲ့သဘောပါ"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ်ရေးဆွဲရန်အတွက် လိုအပ်နေသေးကြောင်း၊ ယခု မိမိတို့ရေးဆွဲထားသည်မှာ ပါတီအနေဖြင့် ရေးဆွဲထားခြင်းဖြစ်သည့်အတွက် ကချင်ပြည်နယ်မှအခြားအဖွဲ့အစည်းများ ရေးဆွဲမှုများရှိလျှင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဒေါက်တာတူးဂျာက ပြောသည်။

ဖွဲ့စည်းခဲ့သည့် ကချင်ပြည်နယ်ဖယ်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီဝင်များအနေဖြင့် သုံးလတစ်ကြိမ်တွေ့ဆုံရန်နှင့် ကော်မတီအနေဖြင့် လိုအပ်လျှင်လိုအပ်သလို ဆွေးနွေးမှုများ ပြုလုပ်သွားရန်လည်း သဘောတူညီခဲ့ကြသည်ဟု သိရသည်။

၎င်းတို့နိုင်ငံရေးပါတီများအနေဖြင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရရှိလာရေးအတွက် ၂ နှစ်ကျော်ခန့် ပြင်ဆင်ခဲ့ကြပြီး ပြည်သူလူထုများ၊ ပညာရှင်များ၊ အဖွဲ့အစည်းများကို ရှင်းပြပြောဆိုခြင်း၊ အကြံဉာဏ်ရယူခြင်းတို့ဖြင့် ပြင်ဆင်ရေးဆွဲခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါမူကြမ်းကို ၁၉၉၀ ခုနှစ်က ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ကချင်အမျိုးသားများဒီမိုကရေစီကွန်ကရက် (KNDC)ပါတီ ကိုယ်စားလှယ်များကဦးဆောင်ကာ စတင်ရေးဆွဲခဲ့သည့်အဆင့်၊ ၂၀၀၆ ခုနှစ် ပြည်ပတွင် ဆွေးနွေးတဲ့မူကြမ်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ နှင့် ၂၇ ရက်နေ့စီတာပူမနော်ကွင်းတွင် ကချင်ပြည်နယ်လူထုတို့နဲ့ညှိနှိုင်းကာ တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လမှစတင်ကာ မူကြမ်းအနေဖြင့် ထုတ်ဝေနိုင်ခဲ့သည်ဟု ကချင်ဒီမိုကရက်တစ်ပါတီ(KDP)ဥက္ကဋ္ဌ ဦးအောင်ခမ်းက ရှင်းပြသည်။

ဇူလိုင် ၃၁ ရက်နေ့က တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံရေးပါတီများ၊ CSOs၊ NGOs၊ ဘာသာရေးအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့၊ လူငယ်၊ အမျိုးသမီး၊ ဥပဒေပညာရှင်များ၊ မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များ စုစုပေါင်းလူဦးရေ ၁၀၄ ဦး တက်ရောက်ခဲ့ပြီး ဖွဲ့စည်းခဲ့သည့်ဦးဆောင်ကော်မတီအဖွဲ့တွင် ၄၇ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

Salai



# ကန်ပိုင်တီနယ်စပ်၊ တရုတ်နိုင်ငံ ကူရှန်းမြို့မှာ မြန်မာနိုင်ငံသားတွေကို ဖမ်းဆီးချုပ်နှောင်




ကန်ပိုင်တီနယ်စပ်၊ တရုတ်နိုင်ငံ ကူရှန်းမြို့မှာ မြန်မာနိုင်ငံသားတွေကို ဖမ်းဆီးချုပ်နှောင်နေလူဦးရေရာနဲ့ချီရှိနေပါပြီ။ မြန်မာနိုင်ငံကနေ တရားမဝင်သွားရောက် လုပ်ကိုင်နေကြတဲ့သူတွေကို ဇူလိုင်လ ၂၄ ရက်ကစပြီးတော့ အကြိမ်ရေခပ်စိပ်စိပ် ဖမ်းဆီးခဲ့ရာကနေ အခုလို ရာနဲ့ချီသွားတာပါ။

မြန်မာနိုင်ငံက လာရောက်တဲ့သူတွေ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိ-မရှိကိုလည်း ဆီးစစ်ချက်တွေယူပြီး စစ်ဆေးတယ်လို့ သိရပါတယ်။ အဲ့လို ဆီးစစ်တဲ့အခါ ဆီးထဲမှာ မူးယစ်ဆေးဝါးသုံးစွဲထားတဲ့ လက္ခဏာတွေ့ခဲ့ရင် အမျိုးသားရော၊ အမျိုးသမီးများကိုပါ ဖမ်းဆီးပြီး ထိန်းချုပ်ခရိုင်ရုံးကို ပို့အပ်တယ်လို့ သိရပါတယ်။

တရုတ်ပြည်မှာတရားမဝင်နေထိုင်တဲ့သူတွေကို ဆီးစစ်ဖမ်းဆီးနေတဲ့အပြင် မြန်မာနိုင်ငံဘက်ကနေ တရားဝင်ကုန်သွယ်နေကြတဲ့သူတွေ၊ ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေကိုပါတရုတ်မြေပေါ်ရောက်တာနဲ့ ဆီးစစ်ပြီးဖမ်းဆီးနေတာပါ။ အစစ်အဆေးအမေးအမြန်းသိပ်မရှိလို့ သတိနဲ့ သွားလာကြစေလိုပါတယ်။ အရင်တုန်းက မူးယစ်မှုနဲ့အဖမ်းခံရပြီဆိုရင် မြန်မာနိုင်ငံမှာလို တရားရုံးတွေဘာတွေမှာ အမှုရင်မဆိုင်ရဘဲ ရဲစခန်းကနေ ထောင်ဒဏ် ၁၈ လ ချပြီး ထောင်ထဲမှာလည်း နေ့တိုင်းစနာရီအလုပ်လုပ်ရတယ်လို့ ရင်ကျန်းမြို့မှာနေပြီး အချုပ်ကျဖူးတဲ့ ကိုကျော်ဆန်းဦးက ပြောပါတယ်။

တရုတ်ကသုံးတဲ့ ဆီးစစ်တဲ့ကိရိယာက မူးယစ်ဆေးဝါး မသုံးတဲ့သူတွေတောင် ဆီးစစ်ချက် မလွတ်လို့ ၉၅ ရာခိုင်နှုန်းလောက်က ဖမ်းဆီးခံရတယ်လို့လည်း ဆိုပါတယ်။

"ဆေးလိပ်သောက်၊ အရက်သောက်တဲ့သူတွေကို စစ်ရင်လည်းကျတာပဲ။ အခုဟာက သူတို့စစ်ပုံအရဆိုရင် အင်္ဂလိပ်ဆေးသောက်ပြီး စစ်ရင်တောင် ဆီးအောင်ဖို့က မလွယ်ဘူး"လို့ မြစ်ကြီးနား-ကန်ပိုင်တီ-ကူရှန်းလမ်းမှာ သွားလာနေတဲ့ ယာဉ်မောင်းဦးအောင်နိုင်ဦးက ပြောပါတယ်။

ဒါပေမဲ့ တွေ့တဲ့ သူတိုင်းကို ဆီးစစ်တာမဟုတ်ဘဲ မူးယစ်ဆေးဝါးသုံးစွဲပုံပေါက်တဲ့သူတွေကိုသာရွေးပြီး ဆီးစစ်တယ်လို့လည်း သိရပါတယ်။ အခုဆိုရင် အဲဒီဘက်ကို ကုန်သွယ်နေတဲ့သူတွေ ကားသမားတွေဟာ မသွားရဲကြတော့ပါဘူး။ ကားတွေကိုလည်း ဒီအတိုင်းထိုးထားရတာကြောင့် မိသားစုစားဝတ်နေရေးဟာ အတော်လေးကို အခက်တွေ့တယ်လို့ ယာဉ်မောင်းဦးကျော်ဝင်းက ဆိုပါတယ်။

"ကားမထွက်ရတော့ ဝင်ငွေကမရှိဘူး။ ထိုင်စားပဲ အကုန်လုံး။ ကျွန်တော်တို့လည်း မတက်ရဲဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဆီးစစ်ရင်ကျမှာပဲလေ" လို့လည်း ဦးကျော်ဝင်းက ဆက်ပြောပါတယ်။

မြန်မာနိုင်ငံသားတွေကို ဒီလိုဖမ်းဆီးနေခြင်းဟာ နှစ်ဖက်အစိုးရချင်း အကြောင်းမကြားဘဲ တိုက်ရိုက်ဖမ်းဆီးတာဖြစ်လို့ ပြည်နယ်အစိုးရအနေနဲ့ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးဖို့ ကုန်သည်တွေနဲ့ယာဉ်မောင်း အသိုင်းအဝိုင်းက ပြောဆိုနေကြပါတယ်။

ဒီသတင်းနဲ့ ပတ်သက်ပြီး မြစ်ကြီးနားဂျာနယ်က ဖေ့စ်ဘုတ်တင်လိုက်တဲ့ အချိန်မှာ ဝေဖန်မှုတွေက မြင့်တက်ခဲ့ပါတယ်။ ကချင်ပြည်နယ်မှာလည်း တရားမဝင်ရောက်နေတဲ့ တရုတ်နိုင်ငံသားတွေအများကြီးရှိပါတယ်။ သူတို့ဘယ်လိုပဲ ဝင်ထွက်သွားလာနေပါစေ ဘယ်တော့မှ အဖမ်းမခံခဲ့ရပါဘူးလို့ ဝေဖန်ကြပါတယ်။ အဓိက အကြောင်းအရင်းကတော့ ဥပဒေကို ချိုးဖောက်ပြီးတော့တရားဝင်လိုလိုဝင်ခွင့်ပြုထားတဲ့အတွက်ကြောင့်လို့ အများစုက သုံးသပ်ပါတယ်။

"ဒီမှာလည်း တရုတ်တွေ အများကြီးပါပဲ။ အဓိကကြည့်ရင် တစ်သျှူးငှက်ပျောကားမောင်းသူတွေကရော တရားဝင်လား သိချင်ပါတယ်။ သူတို့ တရုတ်ကားတွေလာပြီဆိုရင် နံပါတ်ပြားတောင် ဖုံးအုပ်ပြီးဝင်လာတာဗျ။ အေးအေးဆေးဆေးပဲ။ ကိုယ့်ဆီက လူတွေကျတော့ တွေ့တာနဲ့ဖမ်းတယ်" လို့ ဦးအောင်နိုင်ဦးက ပြောပြခဲ့တာပါ။ သို့ပေသိ တရုတ်နိုင်ငံထဲကို မြန်မာနံပါတ်ပြားနဲ့ ကားတွေ ဝင်ထွက်သွားလာနေတာလည်း အများကြီးရှိတယ်လို့လည်း သိရပါတယ်။

ကိုယ်တွေ့ကြုံခဲ့ရသူတစ်ဦးရဲ့ ပြောပြချက်အရ ဆီးစစ်ခံရတဲ့အခါ တိုင်းတဲ့ကိရိယာမှာ လိုင်းတစ်လိုင်းဆိုရင် ၁၃ လ နှစ်လိုင်းဆို ၂၄ လအထိ ထောင်ဒဏ်ကျခံရနိုင်တယ်လို့ ဆိုပါတယ်။ ဖမ်းခံရတဲ့အချိန် တရုတ်စကားပြောတတ်ရင် ယွမ်တစ်သောင်း (မြန်မာငွေ သိန်းနှစ်ဆယ်)လောက် ပေးလိုက်ရင် လွတ်တယ်လို့လည်း ပြောနေကြတာပါပဲ။ ပေးလိုက်ရတယ်လို့ ပြောတဲ့သူတော့မတွေ့မိပါဘူး။

ကျွဲရိုင်းဖျော်ရည်၊ ခေါင်းလေးလုံးဆေး၊ ဆီးချိုဆေး၊ အာရုံကြောဆေးနဲ့ ဆေးတစ်မျိုးမျိုးသုံးစွဲတဲ့သူတွေတောင် ဆီးစစ်တဲ့ကိရိယာကို ကျော်ဖြတ်နိုင်ဖို့ သိပ်မလွယ်ဘူးလို့လည်း ပြောကြပါတယ်။ အရင်တုန်းက ဖမ်းခဲ့တာတွေရော အခုဖမ်းတာတွေရော ပေါင်းလိုက်ရင် ထိန်းချုပ်ခရိုင်ထဲမှာ အဖမ်းခံရတဲ့သူ ဦးရေ ၇၀၀ လောက်ရှိတယ်လို့ နီးစပ်သူတွေထံကနေ သိရပါတယ်။ ဒါကို နိုင်ငံတော်အစိုးရနဲ့ ပြည်နယ်အစိုးရအဖွဲ့ကလက်ပိုက်ကြည့်မနေဘဲပြန်လွတ်အောင် နှစ်ဖက်အစိုးရတွေ ညှိနှိုင်းဆောင်ရွက်ပေးဖို့ တရုတ်ပြည်နဲ့ ကုန်သွယ်နေကြတဲ့စီးပွားရေးလောကသားတွေက ပြောပါတယ်။

"ဒါက ကိုယ့်နိုင်ငံသားတွေပါ။ ဒီကိစ္စကို ပြည်ထောင်စုအစိုးရရော ပြည်နယ်အစိုးရကပါ ကူညီဆောင်ရွက်ပေးစေချင်ပါတယ်။ ကျွန်တော်တို့လည်း စာတင်ဖို့လုပ်ထားပါတယ်"လို့ ဦးကျော်ဝင်းက ဆက်လက်ပြောပြပါတယ်။

တရုတ်နိုင်ငံသားတွေဆိုရင် ရာနဲ့ချီတဲ့ သူတို့လူမျိုးတွေ မြန်မာနိုင်ငံမှာ သစ်ဝင်ခုတ်လို့အဖမ်းခံရတုန်းက ထိန်ချုန်းမှာ လူစုပြီး ဆန္ဒပြခဲ့ကြဖူးပါတယ်။ ၂၀၁၅ ခုနှစ်က ထောင်ဒဏ် ၈ ရက်နဲ့ ပြန်လွတ်လိုက်တဲ့ သစ်ခုတ်သမားတွေကို စာဖတ်သူတွေလည်း မမေ့လောက်သေးပါဘူး။

တရုတ်ပြည်ကနေ မြန်မာပြည်ဘက်ကို တစ်သျှူးငှက်ပျောလာသယ်တဲ့ ကားတွေ၊ ငှက်ပျောစိုက်တဲ့အခါ လိုအပ်တဲ့ ပစ္စည်းလာပို့တဲ့ကားတွေ၊ ငှက်ပျောခိုင်တွေ သယ်ပြီးပြန်တဲ့ကားတွေကလည်း သူ့ရာသီချိန်ဆိုရင် တစ်ရက်တစ်ရက် အစီးရေတစ်ရာနဲ့ တစ်ရာ့ငါးဆယ်ကြား သွားလာကြတယ်လို့သိရပါတယ်။ ၂၂ဘီး ကားကြီးတွေနဲ့ လာသယ်နေကြတာပါ။

မြန်မာအစိုးရ နယ်စပ်ဂိတ်တွေက သဘောကောင်းပြီးခွင့်ပြုထားတော့ တစ်သျှူးငှက်ပျောလာစိုက်တဲ့သူတွေက သူတို့ကားနဲ့ သူတို့လာသယ်ကြတယ်။ မြန်မာကားဆရာတွေအတွက် အခွင့်အရေးမရှိဘူး။ မြန်မာကားဆရာတွေက တခြားကုန်ပစ္စည်းတွေကို တရုတ်ပြည်ပို့သလို ကန်ပိုင်တီည်အလွန် လှိုဏ်ဂူအထိပို့ ဟိုဘက်တရုတ်ကားနဲ့သယ် အဲ့လိုဖြစ်စေချင်နေကြတယ်။

"သူတို့ကားတွေနဲ့ သူတို့ဘာသာလာပြီး တိုက်သွားတယ်။ ဒီကလူတွေက ဘာအလုပ်အကိုင်မှ မရကြဘူး။ အန္တရာယ်ဖြစ်မယ့်နေရာတွေမှာပဲ ကိုယ့်ဆီကလူတွေကို ခိုင်းတယ်။ သူတို့ဘက်က လာပြီး ရင်းနှီးတယ်ဆိုရင်လည်း ကျွန်မတို့ကားတွေနဲ့ သယ်ခွင့်ရမယ်ဆိုရင် ဒီကလူတွေလည်း အလုပ်အကိုင်တွေရတာပေါ့" လို့လည်း ဝိုင်းမော်မြို့က ကုန်သည်ဒေါ်တူးက မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောပါတယ်။

မြန်မာနိုင်ငံကနေ တရုတ်ပြည်ဖက်ကို ကုန်သွယ်တဲ့အခါ ကုန်တင်ကားတွေကို တရုတ်လိုင်စင်လုပ်ခိုင်းပါတယ်။ အဲဒီလိုင်စင်က သုံးလတစ်ကြိမ်လုပ်ရတာဖြစ်ပြီးတော့ တစ်ခါလုပ်ရင်တရုတ်ငွေယွမ်၁၃၅၀ပေးရတယ်လို့လည်း သိရပါတယ်။

"ကိုယ့်ဆီမှာသာ နံပါတ်ပြားအုပ်ပြီးလာတာ။ သူတို့ဆီမှာဆိုရင် လိုင်စင်လုပ်ခိုင်းတယ်။ မလုပ်ရင်ဖမ်းတယ်။ တရုတ်က သူတို့ပြည်ထဲရောက်တာနဲ့ သူတို့စည်းကမ်းအတိုင်းလုပ်တယ်"လို့လည်း ဦးအောင်နိုင်ဦးက သူ့ရဲ့အတွေ့အကြုံကို ပြန်လည်ပြောပြပါတယ်။

တချို့ကလည်း ဒီလိုဖမ်းဆီးတာဟာ စည်းကမ်းမလိုက်နာတဲ့ သူတွေကိုဖမ်းဆီးတာလို့ဆိုတယ်။ မြန်မာနိုင်ငံသားတွေက ခိုးဆိုးလုယက်ပြီး မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားလို့ ဖမ်းတာဖြစ်တယ်လို့လည်း သုံးသပ်ကြပါတယ်။ ဝေဖန်မှုတွေကတော့ အမျိုးမျိုးပါပဲ။ မှတ်ပုံတင်နှစ်ခုကိုင်ထားလို့၊ အခုလိုတွေဖြစ်ရတာက တရုတ်ပြည်ထဲကနေ ထွက်ပြေးလာတဲ့သူတွေ များလို့ ဖြစ်တာလို့ဆိုပြီးဝေဖန်ကြပါတယ်။

အခုဖမ်းဆီးတာနဲ့ ပတ်သက်ပြီး ဘာကြောင့် ဖမ်းဆီးနေတယ်ဆိုတာတော့ သီးခြားအတည်ပြုချက် မရရှိသေးပါဘူး။ ဟိုအရင်ကတည်းက ဖမ်းဆီးခဲ့တာဖြစ်ပေမယ့် အခုတစ်ခေါက်ဖမ်းတာက လူဦးရေအများဆုံးပါ။ ဆီးမအောင်လို့ ဖမ်းခံရတဲ့သူတွေထဲမှာ မူးယစ်ဆေးဝါးမသုံးတဲ့သူတွေလည်း ပါနေလို့ တရုတ်ပြည်ကုန်သည် ဒေါ်ဝင်းက သုံးသပ်ပါတယ်။

"မူးယစ်ဆေးဝါး တကယ်လုပ်တဲ့သူတွေကို ဖမ်းတာက စိတ်မဆိုးပါဘူး။ တရားမဝင်နေတဲ့သူတွေကိုလည်း ဖမ်းတာ စိတ်မဆိုးဘူး။ အခုက အပြစ်မရှိတဲ့သူတွေလည်း ပါနေတော့ နစ်နာတယ်"လို့ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်မှာ နေထိုင်တဲ့ ဒေါ်အဝင်းက ပြောပါတယ်။

တရုတ်ပြည်မှာ အလုပ်သွားလုပ်တာ တရားဝင်မဟုတ်ဘူးလို့ မြစ်ကြီးနားက လူကုန်ကူးမှုတားရဲအရာရှိတစ်ဦးက ပြောပါတယ်။ တကယ်တော့ မြန်မာနိုင်ငံသားတွေနဲ့ တရုတ်နိုင်ငံသားတွေဟာ အိမ်နီးချင်းတွေဖြစ်တာနဲ့အညီ သူ့အိမ်ကိုယ်လည်၊ ကိုယ့်အိမ်သူလည် ချစ်ချစ်ခင်ခင် ဖြစ်သင့်တာပါ။ ကိုယ့်အိမ်လာတော့ အိမ်ဦးခန်းအထိ ဖိနပ်စီးပြီး သူတို့သူဌေးအိမ်သွားတော့ ခြံဝကနေ ဖိနပ်ချွတ်ထားရသလို ဖြစ်နေတာ နှစ်နိုင်ငံဆက်ဆံရေး မတရားမှုတစ်ခုလို ဖြစ်နေပါတယ်။ အစိုးရတွေအနေနဲ့ကလည်း ဒါတွေကို အရေးတယူလုပ်ပြီး လွှတ်တော်တွေဘာတွေထဲအထိ သယ်မသွားချင်ကြပါဘူး။ အမှန်ဆို ကချင်ပြည်နယ်က စီးပွါးရေး လုပ်ငန်းရှင်အများစုက တရုတ်ကိုမှီခိုနေရတာဖြစ်လို့ နှစ်နိုင်ငံချစ်ကြည်စွာ ကုန်သွယ်ဖို့ ညှိနှိုင်းသင့်လှတယ်လို့ ဝေဖန်သုံးသပ်မှုတွေကလည်း ရှိနေပါတယ်။

စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ခေါင်ဒေါင်နုတ်

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ကချင်ပါတီများ ပေါင်းစည်းပြီ

Salai ရေးသားသည်။



ဓာတ်ပုံ - *Pan Naw Chya Hkyi*

မြစ်ကြီးနား၊ ဩဂုတ် ၂

မြစ်ကြီးနားမြို့အခြေစိုက် ကချင်နိုင်ငံရေးပါတီများ ဩဂုတ်လ ၁ ရက်နေ့က ပေါင်းစည်းလိုက်ကြောင်း သိရသည်။

မြစ်ကြီးနားမြို့ရှိ Cartel ဟိုတယ်တွင်ပြုလုပ်သည့်ဆွေးနွေးပွဲအပြီးတွင် ကချင်ပါတီ လေးခု ပေါင်းစည်းခဲ့ခြင်းဖြစ်သည်။

မူလက ဦးအောင်ဝါဦးဆောင်သည့် ကချင်ဒီမိုကရက်တစ်ပါတီ(KDP)၊ ဒေါက်တာတူးဂျာဦးဆောင်သည့် ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးခက်ထိန်နန် ဦးဆောင်သည့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ် - UDP)တို့ သုံးပါတီသာ ပေါင်းစည်းကြရန် သဘောတူညီထားခြင်းဖြစ်သော်လည်း ဒေါက်တာ M ကောန်လ ဦးဆောင်သည့် ကချင်အမျိုးသားကွန်ကရက်ပါတီ(KNC)လည်း ပူးပေါင်းပါဝင်လာခဲ့သည်။

"ပါတီတွေပေါင်းစည်းဖို့က ဒီလိုနဲ့ အချိန်လည်းကြာလာတော့ အမြန်အပြတ်ဖြတ်ဖို့လိုလာပြီ၊ အချိန် ဆွဲနေလို့တော့ မဖြစ်တော့ဘူးဆိုပြီး မနေ့က (ဩဂုတ်၁) ရက်ချိန်းယူပြီးတော့ Cartel မှာ အပြတ်ဆွေးနွေးဆုံးဖြတ်ခဲ့ကြတယ်။မနေ့ကတော့ KNC ကလည်း ပါတီဖျက်သိမ်းခံပြီးတော့ ပေါင်းပါမယ်ဆိုပြီး လက်ခံတယ်။ အခုတော့ ပေါင်းစည်းရေးမှာ လေးပါတီဖြစ်လာပါပြီ"ဟု ကချင်ပြည်နယ်ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။

KNC အနေဖြင့် နှစ်ပေါင်းများစွာက ဖွဲ့စည်းခဲ့သည့် ၎င်းတို့ပါတီကိုဖျက်ကာ ယခုကဲ့သို့ ပူးပေါင်းရခြင်းမှာ ပေါင်းစည်းအရေးအတွက် ၁၇ ဦးကော်မတီထံ တင်ပြခဲ့သည့် အချက်များကို လက်ခံသဘောတူသဖြင့် ပါဝင်ခဲ့ခြင်းဖြစ်သည်ဟု KNCပါတီဥက္ကဋ္ဌဒေါက်တာ M ကောန်လက ပြောသည်။

KNC ပါတီ တင်ပြထားသည့်အချက်များမှာ နိုင်ငံရေးမူဝါဒ လိုအပ်ချက် ၅ ချက်နှင့် အခြားလိုအပ်သော အဓိကအချက် ၂ ချက်တို့ကို တင်ပြခဲ့ခြင်းဖြစ်သည်။

"သွားပြီးပေါင်းတာက ဘာမှအစွဲမထားဘူး။ လူထုကသူ့ဟာသူ ဆုံးဖြတ်လိမ့်မယ်။လူထုကိုယ်စားပြု ၁၇ ဦးအဖွဲ့ ရှိတယ်။ အဲ့ဒီအပေါ်မှာ ဘာမှအစွဲမထားဘူး။ ခေါင်းဆောင်ပိုင်းလည်း အစွဲမထားဘူး။ ရှင်းရှင်းလင်းလင်းပဲ။ အားလုံးပူးပေါင်းပြီးတော့ ကချင်ပြည်နယ်အတွက် အလုပ်လုပ်မယ်။ အဲ့ဒီဆုံးဖြတ်ချက်နဲ့ သွားတာပါ"ဟု KNC ပါတီရုံးတွင် ဩဂုတ်လ ၂ ရက်ကကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ဒေါက်တာ Mကောန်လက ပြောကြားခဲ့သည်။

ယခုပေါင်းစည်းမည့် ၄ ပါတီက ပါတီနာမည်ကို ကချင်ပြည်နယ်ပါတီ (Kachin State party)ဟု ရွေးချယ်ထားပြီး အလံ၊ အမှတ်တံဆိပ်များကိုမူ လာမည့် ဩဂုတ်လ ၁၁ ရက်နေ့တွင် ဆွေးနွေးပွဲ ထပ်မံပြုလုပ်ကာ ဆုံးဖြတ်သွားမည်ဟုလည်း သိရသည်။

ထို့အပြင် ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်သူကိုလည်း ရွေးကောက်ပွဲစနစ်ဖြင့် ဒီမိုကရေစီနည်းကျကျ ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်းသိရပြီး အများသဘောတူသည့် လက်ရှိပါတီဥက္ကဋ္ဌများထဲမှ ဖြစ်စေ၊ အခြားပါတီဝင်တစ်ဦးဦးကို ဖြစ်စေ တင်မြှောက်သွားမည်ဟု သိရသည်။


ပါတီဖွဲ့စည်းတည်ထောင်မည့် အမည်၊ အလံ၊ အမှတ်တံဆိပ်များကို ဆုံးဖြတ်ခဲ့ခြင်းမရှိခဲ့သော်လည်း ပါတီပေါင်းစည်းရေးတွင် လိုအပ်သည်များကို ချမှတ်နိုင်ရေးအတွက် စာပေ၊ ယဉ်ကျေးမှု၊ ဘာသာရေးအဖွဲ့၊ CSO၊ ပညာရှင်တို့ ပါဝင်ဖွဲ့စည်းထားသည့် ၁၇ ဦးကော်မတီနှင့် ဆွေးနွေးအတည်ပြုမည်ဟုလည်း သိရသည်။

"၁၇ ဦးကော်မတီကနေ ပါတီနာမည်၊ အလံ၊ အမှတ်တံဆိပ်တွေကို ပြန်ပြီးတော့မှ ရေးဆွဲအတည်ပြုဖို့ ပါတီကိုတာဝန်ပြန်ပေးတယ်။ အဲဒီမှာလေးပါတီက မေလ ၁၂ ရက်မှာဆွေးနွေးပွဲလုပ်တယ်။ KNC ကတော့ ပါတီဖျက်သိမ်းခံမှာမဟုတ်ဘူးဆိုပြီး ဆက်ပြီးပြုလုပ်သွားမယ့် ဆွေးနွေးပွဲတွေမှာ မတက်တော့ဘူး။ ဒါပေမယ့်သူတို့ပါတီ တချို့လူတွေကို ပါတီက နုတ်ထွက်ပြီးတော့မှ ပေါင်းစည်းရေးကို ပါဝင်ခိုင်းမယ် ပြောတယ်။ မူဝါဒကို အရင်ဆွေးနွေးမယ်ဆိုတာပေါ့၊ အဲ့လိုနဲ့ ပေါင်းစည်းရေးမှာတိုက်ရိုက်မပါတော့ဘူး။ ကျန်တဲ့သုံးပါတီပဲ မေလ ၁၄ ရက်နေ့မှာ ဆွေးနွေးပွဲထပ်ထိုင်ပြီးတော့မှ နာမည်အလံ အမှတ်တံဆိပ်တွေကိုရွေးကြတယ်။ ဒါကို ၁၇ ဦးကော်မတီကို တင်လိုက်တယ်။ နောက်ပိုင်း KNC လည်း ၁၇ ဦးကော်မတီကိုစာတင်ပြီး တင်ပြလာတယ်။ သူတို့လည်း ပေါင်းစည်းရေးပါချင်တယ်ဆိုပြီး ၁၇ ဦးကော်တီနဲ့ သီးခြားလည်းတွေ့နဲ့ အားလုံးနဲ့ပေါင်းပြီးမှလည်းတွေ့တယ်" ဟု ဒေါက်တာတူးဂျာက ရှင်းပြပြောဆိုသည်။

ဇန်နဝါရီ ၁၃ ရက်နေ့က မြစ်ကြီးနားမြို့ရှိ YMCA ခန်းမတွင် ပါတီပေါင်းစည်းရေးအထူးအစည်းအဝေးအဖြစ် KSDP, KDP, KNC နှင့် လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (LNUDP) တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးမှုတွင် နိုင်ငံရေးပါတီ သုံးပါတီ MOU လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

ပေါင်းစည်းရေးတွင် ကချင်နိုင်ငံရေးပါတီတစ်ခုဖြစ်သော LNUDP မှာ လော်ဝေါ်လူထုများက ပေါင်းစည်းရေးတွင် ပါဝင်ရေး လက်မခံသည့်အတွက် သီးခြားပါတီအနေဖြင့်သာ ဆက်လက်ရပ်တည်သွားမည်ဟု ပါတီဥက္ကဋ္ဌဦးလခမ် ဒေါင်ခမ်းက ပြောကြားထားသည်။



# ကြားဖြတ်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ထုတ်ပြန်ကြေညာမည်




မြစ်ကြီးနား၊ ဩဂုတ် ၂

မြစ်ကြီးနားမြို့နယ်တွင် နိုဝင်ဘာလအတွင်း ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပါတီခြောက်ခုမှ ကိုယ်စားလှယ်လောင်း ခြောက်ဦးအမည်စာရင်း တင်သွင်းထားကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှသိရသည်။

ထိုကိုယ်စားလှယ်လောင်း ၆ ဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ယမ်ခေါန်၊ ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီမှ ဒေါ်MDခေါ်ညွှယ်၊ တစ်သီးပုဂ္ဂလအနေဖြင့် ဒေါက်တာသန်းထိုက်ဦး၊ တိုင်းလိုင်(ရှမ်းနီ)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီမှ ဒေါ်ခင်အုန်း၊ ကချင်ဒီမိုကရက်တစ်ပါတီမှ ဦးအောင်ခမ်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးဆီဟူးဒွေ့တို့ ဖြစ်သည်။

အမည်စာရင်းများတင်သွင်းထားသော်လည်း ထိုပုဂ္ဂိုလ်များ၏ မဲဆွယ်ကာလကို သတ်မှတ်ပေးခြင်း မရှိသေးကြောင်း ရွေးကောက်ပွဲကော်မရှင်မှ အရာရှိတစ်ဦးကပြောသည်။

“မဲဆွယ်ကာလက ပြည်ထောင်စုကမလာသေးဘူး။ များသောအားဖြင့်တော့ တစ်လ(သို့မဟုတ်) နှစ်လပေါ့။ နှစ်လဆိုရင်တော့ နိုဝင်ဘာက နောက်နှစ်လဆုတ်လိုက် တစ်လဆိုရင်တော့ အောက်တိုဘာဖြစ်မှာပေါ့။ နှစ်လပေးရင် စက်တင်ဘာစမှာပေါ့။ အောက်တိုဘာလကတော့ဖြစ်ဖို့များတယ်” ဟု ခရိုင်ရွေးကောက်ပွဲကော်မရှင်မှအရာရှိဦးကျော်စိုးအောင်က ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို ဩဂုတ်လ ၆ ရက်နေ့မှ စတင်ကာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် သိသာထင်ရှားသည့် နေရာများတွင် ဗီနိုင်းပိုစတာများဖြင့် အသိပေးသွားမည်ဖြစ်သည်ဟုလည်း ၎င်းကထပ်မံပြောကြားသည်။

၂၀၁၈ ခုနှစ် မေလ ၈ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်ရက်ကို ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယခုလစ်လပ်နေသည့် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)နေရာတွင် ယခင်က မြစ်ကြီးနားတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ အငြိမ်းစားဌာနမှူး ဒေါ်ရှီလာနန်တောင်က တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်းသည် ဇန်နဝါရီ ၃၁ ရက်က နေပြည်တော်ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့သည်။

ယခုနှစ် ဇူလိုင် ၁၅ ရက်နေ့က ကွယ်လွန်သွားသော မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါ်စန်းစန်းအိ၏နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်မည်မဟုတ်ကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲအရာရှိ ဦးကျော်စိုးအောင်က ပြောသည်။

“မိုးညှင်းက လွှတ်တော်ကိုယ်စားလှယ်ဆုံးတဲ့အချိန် လုပ်ငန်းစဉ်ကို သုံးချိုးနှစ်ချိုးလောက်ပြီးနေပြီ ကြိုတင်ပြင်ဆင်တဲ့လုပ်ငန်းတွေ ပြီးနေပြီဆိုတော့ သူ့အတွက်ကြိုတင်ပြင်နိုင်တာ မရှိတော့ဘူး။ အခြေခံမဲစာရင်း ကောက်တာတွေကကြိုလုပ်ရတယ်။ ကြားဖြတ်ရွေးကောက်ပွဲ ၁၃ နေရာကြေညာပြီး နောက်ပိုင်းမှ ဆုံးသွားတာ။ ၁၃နေရာရဲ့အခြေခံမဲစာရင်းတွေက ၆ လ ၇လ ကြိုပြင်ဆင်ပြီး စုရတယ်။ မိုးညှင်းမြို့နယ်အတွက် လွှတ်နေတဲ့နေရာအတွက်က ရွေးကောက်ပွဲ ဥပဒေအရတော့ ၂၀၁၉ မှာကမရှိတော့ဘူး။ ပြင်ဆင်လိုက်တဲ့ ရွေးကောက်ပွဲဥပဒေအရ နောက်ရွေးကောက်ပွဲနဲ့ နီးတဲ့တစ်နှစ်မှာ ကြားဖြတ်ရွေးကောက်ပွဲမလုပ်တော့ဘူး။ သူ့နေရာကတော့ ၂၀၂၀ အထိတော့ လစ်လပ်နေမှာပေါ့ အရင်တုန်းကလည်း ဒါမျိုးရှိခဲ့ဖူးပါတယ်”ဟု ဦးကျော်စိုးအောင်ကပြောသည်။

မြစ်ကြီးနားမြို့နယ် အတွင်း မဲရုံပေါင်း ၁၁၄ ရုံ၊ မဲဆန္ဒရှင် ၂သိန်းကျော်ခန့် ရှိကြောင်း သိရသည်။

Salai

# ဖားကန့်ဒေသတွင် လုယက်မှုများတိုးချဲ့ဆောင်ရွက်

မြစ်ကြီးနား၊ ဩဂုတ် ၃

ဖားကန့်မြို့နယ်တွင်း ရွာလယ်လမ်းမများ၊ မော်များတွင် ဆိုင်ကယ်လု လုယက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး အများစုမှာ တရားခံဖမ်းဆီးနိုင်ခြင်းမရှိဘဲ မြို့နယ်ရဲမှူးအသစ်လက်ထက် ဇူလိုင်လ ၂၂ ရက်နေ့ညက လုံးခင်းကျေးရွာအုပ်စုမော်စီစာလမ်းမတွင် ဦးမြင့်နိုင်အား ဓားဖြင့်ခုတ်ခဲ့သည့် တရားခံလေးဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

“ရဲတပ်ဖွဲ့ကတော့နေ့တိုင်းလိုလို ကင်းလှည့်နေတာ တွေ့ရပါတယ်။ ဖြစ်စဉ်တွေရှိရင် ရဲစခန်းကို သတင်းပို့တာတွေ လုပ်ပါတယ်။ ဖြစ်တဲ့နေရာက ထိန်းချုပ်နိုင်အောင်ကြိုးစားပါတယ်”ဟု မော်စီစာရပ်ကွက်မှ ဆယ်အိမ်မှူး ကိုဖိုးပွားကပြောသည်။

ဖားကန့်မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များက ညအချိန်တွင် မူးယစ်ဆေးဝါးများနှင့် သေစေနိုင်သည့်လက်နက်များ ပါ/မပါ တားဆီးရှာဖွေခြင်းများ ပြုလုပ်လျှက်ရှိပြီး ယင်းသို့ ပြုလုပ်ပြီးသည့်နောက်ပိုင်းတွင် ဒုစရိုက်မှုများ လျော့ကျခဲ့သည်ဟုလည်း လုံးခင်းရဲစခန်းမှ ဒုရဲအုပ်ကျော်မျိုးသိန်းမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ကျွန်တော်တို့ ပြည်နယ်အရန်တွေရော၊ စခန်းကနယ်ထိန်းတွေရော အဖွဲ့ခွဲပြီး ကင်းလှည့်စစ်ဆေးကြပါတယ်” ဟုလည်း အထက်ပါရဲအရာရှိက ပြောသည်။

ဖားကန့်မြို့နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲသူ များပြားသောကြောင့် ဒုစရိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး အများစုက တရားဥပဒေစိုးမိုးမှုမရှိသည့် ဒေသတစ်ခုအဖြစ် မှတ်ယူထားကြသည်။

စည်သူ(မြစ်ကြီးနား)

## Editorial
## အယ်ဒီတာ့အာဘော်

ယနေ့ မြန်မာအစိုးရက တရုတ်နိုင်ငံအပေါ် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံနိုင်ဖို့အတွက် အထူးဂရုစိုက်နေပါတယ်။ ဒါကြောင့်လည်း မြန်မာပြည်ဘက်မှာလာရောက် ရင်းနှီးမြှုပ်နှံထားတဲ့ တရုတ်ကုမ္ပဏီတွေအပေါ် အဆင်ပြေအောင် စီမံပေးနေတာပါ။

ဒီလို တရုတ်ကုမ္ပဏီပိုင် တစ်သျှူး ငှက်ပျောခင်းတွေဟာ ကချင်ပြည်နယ်ထဲမှာတင် ဇကသောင်းနဲ့ချီပြီးရှိနေပါတယ်။ နောက်ပြီး လယ်သိမ်းချိန် တွေမှာဆိုရင်လည်း ဖရဲခင်းတွေကို ဇကမြောက်မြားစွာ လာရောက်စိုက်ပျိုးနေကြတာပါ။ ဒီ ဖရဲခင်းတွေဆိုရင် ကချင်ပြည်နယ်ထဲတင်မကတော့ပါဘူး၊ ကသာခရိုင် စစ်ကိုင်းတိုင်းအထက်ပိုင်းတွေမှာလည်း အကြီးအကျယ်ကို စိုက်ပျိုးနေကြတာပါ။ ဒါကို ကိုယ့်တိုင်းပြည်အတွက် အကျိုးအပြစ် တွက်ကြမယ်ဆိုရင် မြန်မာဘက်က အကျိုးထက် အပြစ်ကပိုများတယ်လို့ ဆိုနိုင်ပါတယ်။

ဘာ့ကြောင့်ဆိုတော့ နိုင်ငံသားတွေ အလုပ်အကိုင် အခွင့်အလမ်း ရတယ်ဆိုတာထက် တိုင်းပြည်ရဲ့စိုက်ပျိုးမြေ မြေဆီလွှာတွေ ပျက်စီးဆုံးရှုံးရမှုတွေက ပိုများနေလို့ပါပဲ။

အခုဆိုရင် ဝိုင်းမော်မြို့နယ်ထဲမှာ တရုတ်ပြည်ဘက်က တစ်သျှူးငှက်ပျောခင်းတွေ လာရောက်စိုက်ပျိုးနေကြတာကြောင့် ဝါးရုံတောကြီးတွေ တစ်နေ့တခြား ပျက်သုန်းလာနေပါတယ်။ ဒေသခံတွေအတွက် တစ်သျှူးငှက်ပျောနဲ့ ပတ်သက်ပြီး ရလိုက်တဲ့ငွေနဲ့ ဝါးရုံတောကြီးတွေဆုံးရှုံးလိုက်ရတဲ့ နစ်နာမှုက မမျှတဘူးလို့ ဆိုရမှာပါ။

ဘာ့ကြောင့်ဆိုတော့ ဝါးကနေ အိမ်တွင်းလက်မှုထုတ်ကုန်တွေ အများကြီး ထုတ်လုပ်နိုင်ပါတယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင် အဆင့်မြင့် အိမ်ထောင်ပရိဘောဂ ပစ္စည်းတွေအထိ ထုတ်လုပ်နိုင်ပါတယ်။ ဒါပေမဲ့ တရုတ်ပြည်ဘက်က တစ်သျှူးငှက်ပျောခင်းတွေ လာစိုက်နေကြတာကို အမြော်အမြင်ရှိတဲ့ ဒေသခံတွေအနေနဲ့ မကြည်ဖြူပေမယ့် တရုတ်ကုမ္ပဏီဝန်ထမ်းကို ဒုက္ခပေးတာမျိုး မရှိကြပါဘူး။

တစ်သျှူးငှက်ပျော လာသယ်တဲ့ ကားကြီးတွေကိုဆိုရင်လည်း ကန်ပိုင်တီနယ်စပ်ဂိတ်ကနေ တံခါးမရှိဓားမရှိဆိုသလို ဝင်ထွက်ခွင့်ပြုထားတာပါ။ ဒါဟာလည်း အိမ်နီးချင်းတိုင်းပြည်ဖြစ်နေတာမို့ မြန်မာအစိုးရအနေနဲ့ ဆက်ဆံရေးမပျက် ခွင့်ပြုထားတဲ့သဘောပါ။

ဒါပေမဲ့လည်း မြန်မာနိုင်ငံဘက်ကိုလာရောက် အလုပ်လုပ်ကိုင်နေကြတဲ့ တရုတ်လူမျိုးတွေ ထိခိုက်မှုမရှိသလိုမျိုး တရုတ်နိုင်ငံဘက်မှာ သွားရောက်လုပ်ကိုင်နေကြတဲ့ မြန်မာအလုပ်သမားတွေ အခွင့်အရေးမရကြပါဘူး။ တရုတ်မူဝါဒအရ နိုင်ငံခြားတိုင်းပြည်က အလုပ်သမားတွေ တရားမဝင်တာမှန်ပေမယ့် ကုန်စည်စီးဆင်းမှုသဘောမျိုးမှာ အလုပ်သမားဆိုတာဟာလည်း ပါလာကြစမြဲပါ။ နှစ်ဘက်တိုင်းပြည် ဘယ်လောက်ပဲတိုးတက်ပါစေ ခေတ်အဆက်ဆက် ဒီလိုသဘောမျိုးတွေရှိနေပါလိမ့်မယ်။

ဆိုတော့ အခု တရုတ်နိုင်ငံဘက်က ဇူလိုင်(၂၄)ရက်နေ့က စပြီး မြန်မာအလုပ်သမားတွေကို ဖမ်းဆီး၊ ဆေးစစ်၊ ထောင်ချဆိုတာမျိုးတွေ လုပ်နေတာကတော့ တစ်ဘက်တိုင်းပြည်အပေါ် အလေးမထားရာ ရောက်နေပါတယ်။ တကယ်တော့ ဆေးစစ်တယ်ဆိုတာမျိုးဟာ ရေနွေးကြမ်းခါးခါး သောက်ထားရင်တောင် ပေါ်နေတတ်တာမျိုးပါ။ တရားမဝင်အလုပ်သမား ဖမ်းတယ်ဆိုရင် တရားမဝင်အလုပ်သမား ဥပဒေနဲ့ပဲ ဖမ်းဆီးချုပ်နှောင်ပြီး မြန်မာပြည်ဘက်ကို ပြန်ပို့ပေးသင့်တယ်ထင်ပါတယ်။ နောက်ပြီး တရုတ်မူဝါဒအရ မြန်မာပြည်ထဲကိုလာရောက်ပြီး ရင်းနှီးမြှုပ်နှံတာဟာ မြန်မာနိုင်ငံသားတွေကို အလုပ်အကိုင် အခွင့်အလမ်းရရှိဖို့ ရည်ရွယ်တာလို့ အကြိမ်ကြိမ် ပြောနေမယ့်အစား မြန်မာ - တရုတ်နယ်စပ်တွေမှာ ရောက်ရှိနေတဲ့ မြန်မာ အလုပ်သမားတွေကို အလုပ်ပေးပြီးလည်း ကူညီသင့်တယ်လို့ ထင်မြင်မိပါတယ်။

ယနေ့ မြန်မာနိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ထောင်ဖို့ နိုင်ငံသားအားလုံး ဝိုင်းဝန်းကြိုးပမ်းနေကြပါတယ်။ ဖက်ဒရယ် ပြည်ထောင်စုဆိုတာ ပြည်သူ့အပေါ်မှာ အာဏာတည်တာမို့ မြန်မာပြည်သူလူထုကို အလေးထားဖို့ လုံးဝ လိုအပ်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(ဩဂုတ် ၆ ၊ ၂၀၁၈)

## မိန်းကလေးငယ်တွေကို ခြိမ်းခြောက်နေသေးတဲ့

# တရုတ်–မြန်မာနယ်စပ်က လူကုန်ကူးမှုများ

မလိခရေးသားသည်။

"လူကုန်ကူးခံရမှု ပိုများလာတယ်။ အားလုံးက စစ်ပွဲမှာပဲ အာရုံရောက်နေကြတော့ လူကုန်ကူးမှုတားဆီးရေးကို အရင်က လုပ်နေပြီဆိုပြီး ဆက်မလုပ်ကြဘူး"

ကချင်ပြည်နယ်အတွင်း လက်ရှိ လူကုန်ကူးမှုနဲ့ပတ်သက်တဲ့ အခြေအနေတွေကို မြစ်ကြီးနားမြို့ အခြေစိုက် ထွယ်ဂျန်ဒါ အမျိုးသမီးဖွံ့ဖြိုးရေးအဖွဲ့မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံကိန်းရဲ့ မန်နေဂျာမခေါ်ဆွမ့်က ပြောပါတယ်။

"အဲဒါကို အခွင့်ကောင်းယူပြီး ပွဲစားတွေက တရုတ်နိုင်ငံကို ပို့ကြတယ်။ သူတို့ကရောင်းစားတယ်ဆိုပေမဲ့ အိမ်ထောင်ကျတယ်ဆိုပြီး အချိုသတ်သွားတယ်။ တချို့ကိုတော့ ဆိုင်မှာ အလုပ်လုပ်ခိုင်းကြတယ်"

ကချင်ပြည်နယ်အတွင်း တပ်မတော်နဲ့ ကချင်လွတ်လပ်ရေးတပ်မတော်(KIA)တို့ အကြား စစ်ပွဲတွေတစ်ကျော့ပြန်ဖြစ်ပွားခဲ့တာ ၂၀၁၈ ခုနှစ် ဇွန်လမှာ (၇)နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်က စစ်ပွဲကြောင့် နေရပ်စွန့်ခွာထွက်ပြေးခဲ့တဲ့ စစ်ဘေးရှောင် စုစုပေါင်း (၁၂၀၀၀၀)ကျော်သာရှိရာမှ ၂၀၁၈ ခုနှစ် ဇွန်လထိ(၁၃၀၀၀၀)ကျော်ထိ ရှိလာပြီ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်ကနေစပြီး ဒေသခံပြည်သူတွေ လုပ်ကိုင်စားသောက်နေကြတဲ့ တနိုင်းမြို့နယ်က ပယင်းမှော်၊ ရွှေမှော်တွေမှာ နယ်မြေရှင်းလင်းရေးတွေ လုပ်ဆောင်ခဲ့လို့ ပြည်သူတွေ ထောင်ချီပြီး ထပ်မံထွက်ပြေးခဲ့ရပြန်ပါတယ်။

အခုဆိုရင် စစ်ဘေးရှောင်ပြည်သူတွေဟာ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဖားကန့်၊ မိုးကောင်း၊ နမ္မတီး၊ တနိုင်း၊ တန်ဖရဲ စတဲ့ဒေသတွေမှာ ဒုက္ခသည်စခန်းပေါင်း(၁၂၀)ကျော်မှာ ခိုလှုံနေကြရပါတယ်။ ဒီလိုတိုက်ပွဲတွေ ပြင်းထန်လို့ ကချင်ဒေသက ပြည်သူတွေအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ စစ်ရှောင်တွေအတွက် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ ဒေသတွင်း လူမှုအဖွဲ့အစည်းတွေ ကကူညီထောက်ပံ့မယ့်လူသားချင်းစာနာထောက်ထားမှုတွေကို အစိုးရက ခွင့်ပြုချက်မပေးတာတွေ၊ တပ်မတော်က တားဆီးဟန့်တားမှုတွေ ရှိခဲ့ပါတယ်။

စစ်ရှောင်လူထုအတွင်း ဒီလိုအခက်အခဲ ကြုံတွေ့မှုတွေက လူကုန်ကူးမှုပစ်မှတ်တွေ ဖြစ်လာစေပါတယ်။

စစ်ဘေးရှောင်တွေသာမက ကချင်ပြည်နယ်က ပြည်သူလူထုတွေ စီးပွားရေးအကျပ်အတည်းတွေကြောင့် မိသားစုစားဝတ်နေရေးအတွက် အရွယ်ရောက်တဲ့ လူငယ်လူရွယ်တွေက တရုတ်နိုင်ငံကို သွားရောက် အလုပ်လုပ်ကိုင်ရာကနေ လူကုန်ကူးခံရမှုတွေ ကြုံတွေ့ခဲ့ကြတာလည်း ရှိပါတယ်။

"လူကုန်ကူးမှုက အခုနှစ်ပိုင်းမှာ ပိုများလာပြီး အများအားဖြင့် အလုပ်အကိုင်မရှိခြင်းနဲ့ မိသားစုစားဝတ်နေရေးခက်ခဲလို့ အခုလိုလူကုန်ကူးခံရမှုတွေ ပိုများလာရတာ ဖြစ်တယ်"လို့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အခြေစိုက် ထွယ်ဂျန်ဒါ အမျိုးသမီးဖွံ့ဖြိုးရေးအဖွဲ့မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံကိန်းရဲ့ မန်နေဂျာ မခေါ် ဆွမ့် ပြောပါတယ်။ ဒါ့အပြင် ကချင်ပြည်နယ်မှာ စစ်ပွဲတွေဖြစ်ပွားနေချိန်မှာ လူကုန်ကူးသူတွေက အခွင့်ကောင်းယူပြီး လူကုန်ကူးမှုတွေ လုပ်ဆောင်နေတာကြောင့် ပိုများလာနေတယ်လို့ သူက ဆက်ပြောပါတယ်။

အလုပ်သွားလုပ်ရင်း လူကုန်ကူးခံရခြင်း၊ အငှားကိုယ်ဝန်ဆောင်ပေးခြင်းနဲ့ အိမ်ထောင်ကျခြင်းစတဲ့ လူကုန်ကူးခံရမှုတွေ ရှိနေပါတယ်။


ကချင်ပြည်နယ်မှာ ထူးခြားတာက မိရိုးဖလာ ဓလေ့ထုံးစံကို အခွင့်ကောင်းယူပြီး မိဘထံ တောင်းရမ်းယူကာ ကွမ်းဖိုးထည့်ပြီး တရားဝင်လက်ထပ်ထိန်းမြားယူတာတွေလည်း လူကုန်ကူးမှုတွေကို အားပေးသလို ဖြစ်နေတယ်လို့ မခေါ်ဆွမ့်က ပြောပါတယ်။

"တချို့ ကိုယ့်ကိုကိုယ် ရောင်းစားခံရတာကို မသိကြဘူး။ တချို့မိဘတွေက ကွမ်းဖိုးနည်းနည်းများများထည့်ရင် ဝမ်းသာပြီး ပေးစားလိုက်တယ်"လို့ မခေါ်ဆွမ့်က ပြောပြပါတယ်။ "လူကုန်ကူးမှု ဖြစ်ဖို့ အားပေးတာနဲ့ အတူတူဘဲ၊ တချို့က ကလေးတစ်ယောက်မွေးပေးရင် ကျပ်သိန်း၂၀နဲ့ သဘောတူပြီး သွားလိုက်တဲ့ လူတွေလည်း ရှိတယ်"

လူကုန်ကူးမှု ပပျောက်ဖို့အတွက် အသိပညာပေးခြင်း၊ အရေးပေါ် အကူအညီပေးခြင်း၊ အကြံပေးခြင်းနဲ့လူမှုအဖွဲ့အစည်းတွေနဲ့ တိုင်ပင်ဆွေးနွေးပွဲတွေ ပြုလုပ်ခြင်း၊ လူကုန်ကူးခံရမှုကနေ လွတ်မြောက်လာတဲ့ မိန်းကလေးတွေကို ဝင်ငွေရရှိရေး အလုပ်အကိုင် ရှာဖွေပေးတာတွေ လုပ်ဆောင်နေတဲ့ ထိုင်းနိုင်ငံအခြေစိုက် ကချင်အမျိုးသမီးအစည်းအရုံး(KWAT) ကလည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို တစိုက်မတ်မတ် လုပ်ဆောင်နေပေမယ့် နိုင်ငံရေး မတည်ငြိမ်မှုတွေကြောင့် တားဆီးနိုင်ခြင်းမရှိဘဲ ပိုမိုများပြားလာနေတယ်လို့ KWAT ရဲ့ အထွေထွေမန်နေဂျာ ဒေါ်မွန်းနေလီက ပြောပါတယ်။



Photo: ND-Burma




မြန်မာနိုင်ငံမှာ နိုင်ငံရေး မတည်ငြိမ်တဲ့အတွက် အလုပ်အကိုင်လည်း ရှားပါးလို့ တရုတ်နိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်တဲ့သူတွေ များပြားလာနေပြီး အခုဆိုရင် ကချင်ပြည်နယ်သာမက မြန်မာနိုင်ငံအောက်ပိုင်းက သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ မြန်မာမိန်းကလေးတွေပါ လူကုန်ကူးခံရမှုတွေ ရှိနေတယ်လို့ ဆိုပါတယ်။

"အောက်ပိုင်းက လူတွေလည်း အလုပ်အကိုင်မရှိတော့ ဝင်ငွေရဖို့ တရုတ်နိုင်ငံကို အလုပ်သွားလုပ်တော့ ရောင်းစားခံရတာ ကချင်တွေချည်း မဟုတ်တော့ဘဲ အောက်ပိုင်းက တခြားလူမျိုးတွေ ပါဝင်လာတော့ အမှုပမာဏလည်းပိုများလာတာတွေ့ရတယ်"

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာရှိတဲ့ မြန်မာနိုင်ငံ၊ လူကုန်ကူးမှုတားဆီးရေးအဖွဲ့ကလည်း လူကုန်ကူးတားဆီးရေးလုပ်ငန်းတွေ လုပ်ဆောင်ပေးနေသော်လည်း အားနည်းနေသေးကြောင်း ကချင်အမျိုးသမီးအဖွဲ့အစည်းတွေက ပြောပါတယ်။

ကချင်ပြည်နယ်အတွင်းလူကုန်ကူးတားဆီးမှု အသိပညာပေးလုပ်ငန်းတွေ ပုံမှန်လုပ်ဆောင်နေပေမယ့် လူကုန်ကူးခံရမှုတွေ ဆက်လက်ရှိနေသေးတာဟာ စီးပွားရေးကျပ်တည်းမှုကြောင့်ဖြစ်တယ်လို့ မြစ်ကြီးနားမြို့ရှိ မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးရေးဌာနမှ ရဲအုပ်သက်လွင်က ပြောပါတယ်။

"အဓိက စီးပွားရေးပါပဲ။ ဒီကချင်ပြည်နယ် တစ်ခုပဲဖြစ်တာတော့ မဟုတ်ပါဘူး။ ကျန်တဲ့ အရပ်ဒေသတွေလည်း စီးပွားရေး အဆင်မပြေဘူး။ ဥပမာအားဖြင့် မကွေး၊ မန္တလေး၊ ဧရာဝတီပဲဖြစ်ဖြစ် အလုပ်အကိုင်တွေ ရှားလာမယ်။ အလုပ်ပေါတဲ့နေရာတွေ သွားမယ်။ အပေါင်းအသင်းအမျိုးမျိုးနဲ့ တွေ့မယ်။ အဲဒီမှာ အကြံသမားနဲ့ တွေ့မယ်။ အဲဒီလိုမျိုးတွေရှိတာပေါ့"လို့ ရဲအုပ်သက်လွင်က ပြောပါတယ်။

များသောအားဖြင့် တရုတ်နိုင်ငံကို အလုပ်သွားရောက်လုပ်ကိုင်ရာကနေ အလုပ်အဆင်မပြေဘဲ နောက်ဆက်တွဲပြဿနာအဖြစ် လုပ်အားခခေါင်းပုံဖြတ်ခံရတာတွေ၊ တရားမဝင်လုပ်ကိုင်ခြင်းကြောင့် အတင်းအဓမ္မလက်ထပ်ပေါင်းသင်းခံရတာတွေ စတဲ့လူကုန်ကူးခံရမှုတွေ ပိုများတယ်လို့ သူက ပြောပါတယ်။

မြစ်ကြီးနားမြို့က လူကုန်ကူးတားဆီးကာကွယ်ရေးဌာနကတော့ လူကုန်ကူးတားဆီးရေး အသိပညာပေးလုပ်ငန်းတွေကို တရုတ်-မြန်မာနယ်စပ် ဂိတ်တွေ၊ မီးရထား၊ လေကြောင်း၊ စာသင်ကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း စတဲ့ နေရာတွေမှာ၊စစ်ရှောင်စခန်းတွေမှာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေခြင်းတွေ ပြုလုပ်နေပြီး အရေးကြုံလာရင် ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကို မျှဝေပေးပြီး မြန်မာ့အသံကနေလည်း စနေနေ့တိုင်း လူကုန်ကူးမှုနဲ့ပတ်သက်ပြီးတစ်ပတ်အတွင်းဖြစ်ပွားတဲ့အမှုတွေ၊ လူကုန်ကူးခံရသူတွေရဲ့ ရင်ဖွင့်သံတွေကို ထုတ်လွှင့်နေတယ်လို့ သူက ပြောပါတယ်။

"ဒီလောက်လုပ်နေတာတောင် လူကုန်ကူးမှုတွေက ရှိနေတုန်းပါဘဲ။ လူကုန်ကူးတဲ့ပွဲစား၊ တရားခံအသိုင်းအဝိုင်းကတော့ တချို့ဆိုရင် ကိုယ်ကိုယ်တိုင် လူကုန်ကူးခံရပြီး နောက်ပိုင်းမှာ သူက ဒီလမ်းကြောင်းကို သိသွားတော့ လူကုန်ကူးသူအဖြစ်ကို ပြောင်းသွားတာတွေလည်း ရှိတယ်။ ဘာကြောင့်လည်းဆိုတော့ စီးပွားရေးပေါ့နော်။ ငွေကြေးအခက်အခဲကို အလွယ်တကူ ဖြေရှင်းတဲ့သဘောပေါ့"လို့ ရဲအုပ်သက်လွင်က ပြောပါတယ်။

လူကုန်ကူးခံရသူတွေဟာ

မိမိတို့ဆန္ဒနဲ့ အလုပ်ရှာရင်း တရုတ်နိုင်ငံကို ရောင်းစားခံကြရသူတွေများပေမယ့် တချို့ တရုတ်အမျိုးသားတွေက မြန်မာနိုင်ငံမှာ တရားဝင်ဇနီးမယားအဖြစ် လက်ထပ်ပြီးမှ တရုတ်နိုင်ငံရောက်မှ နောက်တစ်ဆင့် ရောင်းစားတာမျိုးတွေလည်းရှိနေပြီး ရင်သွေးတစ်ယောက်ရတဲ့အထိ ပေါင်းသင်းရတဲ့ ပေါက်ဈေးငွေ အနည်းဆုံး ကျပ်သိန်း(၂၀)ကနေ အများဆုံးကျပ်သိန်း(၅၀) ခန့်ထိ ရှိပါတယ်။

လက်ရှိ အစိုးရလက်ထက်မှာ ထိုင်းနိုင်ငံနဲ့ ပတ်သက်တဲ့ လူကုန်ကူးမှု ပြဿနာတွေကို အများအပြားလျှော့ချ တားဆီးနိုင်ခဲ့ပေမဲ့လည်း တရုတ်နိုင်ငံနဲ့ ပတ်သက်တဲ့ အမှုတွေကိုတော့ ဖြေရှင်းဖို့ အခက်အခဲတွေရှိသေးလို့ ၂၀၁၇ ခုနှစ်၊ ဇွန်လ (၉) ရက်က နေပြည်တော်မှာ ကျင်းပတဲ့ (၉)ကြိမ်မြောက်ပြုလုပ်တဲ့ လူကုန်ကူးခံရသူတွေကို စွမ်းရည်မြင့်တင်ပေးခြင်းနဲ့ တွေ့ဆုံဆွေးနွေးပွဲအစီအစဉ်တခုမှာ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ဒုရဲမှူးကြီးသက်နောင်က ပြောဆိုခဲ့ပါတယ်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်မှာမည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်(၁၀)နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်မယ့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်လို့ ၂၀၀၅ ခုနှစ် စက်တင်ဘာလက ပြဋ္ဌာန်းထားပါတယ်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းလိုက်ပေမယ့် အမျိုးသမီးအခွင့်အရေးနဲ့ ပတ်သက်တာတွေ၊ လူကုန်ကူးမှုပပျောက်ရေး လုပ်ဆောင်နေတဲ့ ရဲတပ်ဖွဲ့တွေကလည်း ထိထိရောက်ရောက် မလုပ်နိုင်ဘဲ အားနည်းနေပြီး နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ ရံပုံငွေတွေကလည်း လက်တွေ့လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေဆီ တိုက်ရိုက်မရောက်နိုင်တဲ့အတွက် အားနည်းချက်တွေ ရှိနေတယ်လို့ အမျိုးသမီးအဖွဲ့တွေက ပြောပါတယ်။

"အစိုးရက ၂၀၀၅ နှစ်မှာ လူကုန်ကူးတားဆီးရေး ဥပဒေ ထုတ်လိုက်တယ်။ ဒါပေမယ့် အမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ ပတ်သက်တဲ့ လူကုန်ကူးမှု ပပျောက်ဖို့လုပ်တဲ့ ရဲတပ်ဖွဲ့တွေထားပေမဲ့ အလုပ်လုပ်ဖို့ မဖြစ်နိုင်ဘူး။ ငွေရေးကြေးရေး ကအစ မလုံလောက်ဘူး။ အဲဒီမှာ ဦးဆောင်နေတဲ့ လူတွေကလည်း အမျိုးသမီးအခွင့်အရေးဆိုတာကို သေချာမသိဘူး။ ဒီလို လူကုန်ကူးမှုပပျောက်ဖို့ အစိုးရဘက်က လုပ်ဆောင်တာတွေ အားနည်းတယ်"လို့ KWAT က ဒေါ်မွန်းနေလီက ထောက်ပြပါတယ်။

အခြေအနေအရပ်ရပ်က လူကုန်ကူးခံရမှုကို တွန်းပို့နေတဲ့ကြားက မရပ်တန့်နိုင်သေးတဲ့ စစ်ပွဲတွေကလည်း ဒါကိုအခြေအနေ ပိုဆိုးစေတယ်လို့ ဒေါ်မွန်းနေလီက ပြောပါတယ်။

"ကျွန်မတို့ ကချင်ပြည်နယ်ဒေသမှာက စစ်ပွဲကြောင့် စစ်ရှောင်တွေလည်း များလာတယ်။ လုပ်ကိုင်စားသောက်ရခက်လာတယ်။ အိုင်ဒီပီစခန်းရောက်လာတဲ့လူတွေကလည်း ရိက္ခာမဖူလုံတော့ ငွေရှာရတော့ လူကုန်ကူးခံရတာတွေ ရှိလာတယ်။ မိန်းကလေးတွေအတွက် လူကုန်ကူးခံရဖို့ စိန်ခေါ်မှုကြီး ဖြစ်လာတယ်"

hiburma.net

# မြစ်ကြီးနားမြို့ပေါ်တွင် အုပ်စုဖွဲ့လုယက်ခဲ့သည့် လူငယ်များကို ဖမ်းဆီး

ဩဂုတ် ၃

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်တွင် ဇူလိုင်လ ၃၁ ရက်၊ ညသန်းခေါင်အချိန်ခန့်က အုပ်စုဖွဲ့၍ လုယက်မှုကျူးလွန်ခဲ့သည့် လူငယ်လေးဦးကို နယ်မြေရဲစခန်းက ဖမ်းဆီးထားကြောင်း သိရသည်။

အဆိုပါလူငယ်များသည် မြို့သစ်ကြီးရပ်ကွက်၊ မလိဇွပ်ဆေးရုံအကျော်ရှိ တံတားပေါ်တွင် ဆိုင်ကယ်ဆီပြတ်နေသည်ဟု အကူညီတောင်းသဖြင့် အမျိုးသားနှစ်ဦးက ဘောင်းဘီအိပ်ကပ်အတွင်းရှိ ပိုက်ဆံအိတ် ထုတ်ယူကြည့်ရှုနေစဉ် လူငယ်လေးဦးက "မင်းတို့ပါလာတဲ့ပိုက်ဆံတွေ၊ ဖုန်းတွေအကုန်ပေး၊ ငါတို့မျက်နှာကိုမကြည့်နဲ့"ဟုဆိုကာပြောဆိုပြီး ဝိုင်းဝန်းထိုးကြိတ်လုယက်ခဲ့ကြောင်း သိရသည်။

ထိုသို့ပြုလုပ်သည့်အတွက် အမျိုးသားနှစ်ဦးက အော်ဟစ်အကူညီတောင်းရင်း ထွက်ပြေးရန်ကြိုးစားနေစဉ် ၎င်းတို့ လမ်းဘက်သို့ဆိုင်ကယ်တစ်စီးဖြင့် လူငယ်နှစ်ဦးရောက်ရှိလာရာ ထိုလူငယ်နှစ်ဦးကိုလည်း ထပ်မံလုယက်ပြန်သဖြင့် အနီးပတ်ဝန်းကျင်ရှိလူများနှင့် ကျူးလွန်ခံရသည့် အမျိုးသားနှစ်ဦး၏ သူငယ်ချင်းများ ရောက်ရှိလာပြီး ဖမ်းဆီးရာ လူငယ်လေးဦးအနက် အသက် ၁၆ နှစ်အရွယ်ရှိ လူငယ်တစ်ဦးကိုသာ ဖမ်းမိပြီး ကျန်သုံးဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်းသိရသည်။

လုယက်ခံရသည့် အမျိုးသားနှစ်ဦးထံမှ ကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ ဖုန်းတစ်လုံးနှင့် ကျပ်တစ်သိန်းခွဲတန်ဖိုးရှိ ဖုန်းတစ်လုံးကို လုယက်သွားကြောင်းနှင့် ဝိုင်းဝန်းထိုးကြိတ်၍ ရိုက်နှက်ခဲ့သည့်အတွက် နယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

ဖမ်းဆီးခံခဲ့ရသည့် လူငယ်အားစစ်ဆေးမေးမြန်းရာ ကျန်လူငယ်သုံးဦးကို သိရှိရသဖြင့် ၎င်းတို့နေအိမ်သို့သွားရောက်ကာ ဖမ်းဆီးခဲ့ကြောင်းနှင့် ၎င်းတို့လေးဦးအပြင် အခြားလူငယ်များလည်း ရှိသေးကြောင်း စစ်ဆေးဖော်ထုတ်နိုင်သဖြင့် ဆက်လက်ဖမ်းဆီးရေးများ လုပ်ဆောင်နေကြောင်းပြည်နယ်ရဲတပ်ဖွဲ့ရုံးမှ သိရသည်။

လုယက်မှုကျူးလွန်သူလေးဦးကို မြစ်ကြီးနားမြို့ နယ်မြေရဲစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ ၃၉၄/၁၁၄ အရအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၉၄ တွင် "တစ်ဦးတစ်ယောက်သောသူသည် လုယက်မှုကို ကျူးလွန်ရာတွင်ဖြစ်စေ၊ ကျူးလွန်ရန် အားထုတ်ရာတွင်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူကို မိမိအလိုအလျောက် နာကျင်စေလျှင်၊ ထိုသို့နာကျင်စေသူကိုလည်းကောင်း၊ အဆိုပါ လုယက်မှုကို ကျူးလွန်ရာတွင်ဖြစ်စေ၊ ကျူးလွန်ရန် အားထုတ်ရာတွင်ဖြစ်စေ ထိုသူနှင့် ဖက်စပ်ပါဝင်သော သူတို့ကိုလည်းကောင်း၊တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်"ဟု ပါရှိထားသည်။

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၁၄ တွင် "ပြုလုပ်မှုကို သို့တည်းမဟုတ် ပြစ်မှုကိုကျူးလွန်ရာတွင် မိမိကိုယ်တိုင်မရှိခဲ့လျှင် အားပေးကူညီသူအဖြစ်ဖြင့်သာ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည့်သူသည် အားပေးကူညီမှုကြောင့် မိမိပြစ်ဒဏ်ချမှတ်ခြင်းခံရမည့် ပြုလုပ်မှုကို သို့တည်းမဟုတ် ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်သောအခါ မိမိကိုယ်တိုင်ရှိနေခဲ့လျှင် ထိုသူသည် ထိုပြုလုပ်မှုကို သို့တည်းမဟုတ် ထိုပြစ်မှုကို ကိုယ်တိုင်ကျူးလွန်ဘိသကဲ့သို့ ကျူးလွန်သည်ဟု ယူဆခြင်းခံရမည်"ဟု ပါရှိထားသည်။

မွန်းမွန်းပန်

# ဓာတ်ဆီဆိုင်မှ အနံ့များကြောင့် ပတ်ဝန်းကျင်နေအိမ်များ အခက်အခဲဖြစ်နေ

ဩဂုတ် ၃

မြစ်ကြီးနားမြို့၊ စီတာပူနှစ်ခြင်းဘုရားကျောင်းရှေ့တွင် ရောင်းချနေသည့် ဒေါ်မငယ် ဓါတ်ဆီဆိုင်မှအနံ့များကြောင့် ပတ်ဝန်းကျင်နေအိမ်များမှ အခက်အခဲဖြစ်နေသည်မှာ နှစ်နဲ့ချီ ကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

အထက်ပါဓါတ်ဆီဆိုင်အား အပြီးတိုင်ပိတ်သိမ်းပေးရန်အတွက် ပတ်ဝန်းကျင်နေအိမ်များမှ သက်ဆိုင်ရာသို့ အကြိမ်ကြိမ်စာတင် တောင်းဆိုထားသော်လည်း ယနေ့ချိန်ထိတိုင် ပိတ်သိမ်းခြင်းမရှိသေးကြောင်းလည်း သိရသည်။

"ညဖက်ဆိုပူရင် အခန်းတံခါးလေး ဖွင့်အိပ်ချင်တာတောင် အိပ်မရဘူး။ အနံ့က အရမ်းကို ဆိုးလွန်းအားကြီးတယ်။ တစ်နေကုန်လည်း တံခါးပိတ်ပြီးနေရတယ်။ နေ့တိုင်းလိုလို စိတ်ညစ်ရတယ်" ဟု ပတ်ဝန်းကျင်နေအိမ်မှ ကိုဆင်ဝါးနော်မှ ပြောသည်။

ပတ်ဝန်းကျင်နေအိမ်များက ကျန်းမာရေး၊ မီးဘေးအန္တရာယ် စသည်တို့အတွက် စိုးရိမ်ရသဖြင့် စာတင်တိုင်ကြားခဲ့ရာ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှ ၂၀၁၇ ဒီဇင်ဘာလ နောက်ဆုံးထားပိတ်သိမ်းရန် ညွှန်ကြားထားသော်လည်း ယနေ့ချိန်ထိတိုင် ရောင်းချနေဆဲဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ဆို့အိမ်မှာဆို လူကြီးတွေက ရှိတယ်။ ဓါတ်ဆီအနံ့က ကျန်းမာရေးကို အရမ်းထိခိုက်စေတယ်။ အခုကပိုပိုပြီးတောင်ဆိုးလာတယ်။ တံခါးကိုမဖွင့်ရဲတာ။ နွေရာသီရောက်ရင်လည်း ဘယ်အချိန်မီးထလောင်မလဲဆိုတာပဲ တွေးနေရတယ်"ဟုလည်း ပတ်ဝန်းကျင်နေအိမ်မှ ကိုမျိုးမင်းခိုင်မှ ပြောသည်။

စက်သုံးဆီဆိုင်ဖွင့်မည်ဆိုပါက ပတ်ဝန်းကျင်နေအိမ်များမှ သဘောတူညီချက်မရှိပါက တည်ဆောက်ခွင့်မရှိဘဲ ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်းသာ ဆောင်ရွက်ခွင့်ရှိကြောင်းလည်း စည်ပင်သာယာရေးဝန်ကြီးဦးနေဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ဖြေကြားထားသည်။

စည်သူ(မြစ်ကြီးနား)



www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(ဩဂုတ် ၆ ၊ ၂၀၁၈)

# တတိယအကြိမ်(၂၁)ပင်လုံမှအပြန် ခရီးဆက်ရမည့်ခြေလှမ်းများ

ခင်စုကြည်



“နိုင်ငံရေးမှာ အနည်းဆုံး အမျိုးသမီး(၃၀)ရာခိုင်နှုန်း ပါဝင်ခွင့်ရရေး အားပေးရန်ဆိုတာကို ပွင့်ပွင့်လင်းလင်း ပြောရရင် တိတိကျကျမူဝါဒချမှတ်ရန်ဆိုပြီး ပါစေချင်တယ်။ အခုက အားပေးရန်ဆိုတော့ ကျွန်မတို့ အမျိုးသမီးတွေအတွက် အားလျော့စေပါတယ်”ဟု တတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံရဲ့ နောက်ဆုံးနေ့မှာ သူ့ရဲ့ခံစားချက်ကို မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက မိမြင့်မြင့်ဝေက အခုလိုထုတ်ဖော်ပြောဆိုလိုက်တာ ဖြစ်ပါတယ်။

ဒီညီလာခံမှာ ကျားမတန်းတူရေးကိုသာ ဆွေးနွေးခဲ့ကြပေမယ့် အမျိုးသမီးတွေ တောင်းဆိုနေတဲ့ အနည်းဆုံး အမျိုးသမီးများ (၃၀)ရာခိုင်နှုန်းပါဝင်ခွင့်ရဖို့ တိကျတဲ့ လမ်းညွှန်မှုတခုကို မချမှတ်နိုင်ခဲ့တာဟာ အမျိုးသမီးအရေးကို တစိုက်မတ်မတ်လုပ်ဆောင်လာတဲ့ အမျိုးသမီးထုအတွက်တော့ အားလျော့စရာဖြစ်ခဲ့ပါတယ်။

နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စား တက်ရောက်ဆွေးနွေးခဲ့တဲ့ကရင်ပြည်သူ့ပါတီက နော်မာမာချိုကတော့ သူမရဲ့ ခံစားချက်ကို အခုလိုပြောပါတယ်။

“အနည်းဆုံးအမျိုးသမီး(၃၀)ရာခိုင်နှုန်းပါဝင်ရေးကို အားပေးရန်ဆိုတာထက် မူဝါဒအဖြစ်ပါဝင်ဖို့ကျွန်မတို့တွေက တောင်းဆိုနေရခြင်းဖြစ်တယ်။ ဒါကိုအဓိကထားပြီး ဆွေးနွေးကြတယ်။ ဒါပေမယ့်လည်း အားလုံးဘုံ သဘောတူညီမှုအရဆိုရင်တော့ အားပေးရန်နဲ့ပဲ ကျလာတယ်ပေါ့နော်။ ကျွန်မတို့အားလုံး တွန်းတွန်းတိုက်တိုက် တောင်းဆိုကြတယ်။ ဒါပေမယ့် ကျမတို့အဲဒီစကားလုံးကို မူဝါဒချမှတ်ပေးရန်ဆိုတာ မရရှိခဲ့ဘူး။ အဲဒီအတွက်လည်း ကျွန်မတို့ အမျိုးသမီးထုတစ်ခုလုံးအတွက် ဝမ်းနည်းရပါတယ်” နိုင်ငံရေးကဏ္ဍမှာ ကျားမတန်းတူညီမျှရေး ခေါင်းစဉ်ကို ဆွေးနွေးခဲ့ကြပြီး အဲဒီခေါင်းစဉ်အောက်မှာတော့ အချက်(၄)ချက်ကို ဆွေးနွေးခဲ့ကြတာပါ။

အဲဒီထဲက (၂)ချက်ကတော့ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများအနည်းဆုံး(၃၀) ရာခိုင်နှုန်းပါဝင်ရေးကို အားပေးရန်နဲ့ ကျားမဆိုင်ရာတန်းတူညီမျှမှုကို အကောင်အကူပြုစေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်ဆိုတဲ့အချက်တို့ပဲ ဖြစ်ပါတယ်။

နောက်နှစ်ချက်ကတော့ လိင်ကွဲပြားမှုပေါ်အခြေခံတဲ့ ခွဲခြားဆက်ဆံမှု မရှိစေရေးအတွက် မူဝါဒချမှတ်ရန်နဲ့ ကျားမအခြေပြုအကြမ်းဖက်မှုတွေကို ကာကွယ်နိုင်တဲ့ မူဝါဒတွေကို ချမှတ်အကောင်အထည်ဖော်ရန်ဖြစ်ပါတယ်။

(၆)ရက်တာကျင်းပခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရဲ့ အစပိုင်းမှာတော့ ကျားမတန်းတူရေးကို ဆွေးနွေးဖို့ တက်ကြွနေတဲ့ အမျိုးသမီးတွေဟာ ဆွေးနွေးပွဲတွေ အဆင့်ဆင့်ပြုလုပ်ပြီးချိန်မှာတော့ မျှော်လင့်ထားသလို အောင်မြင်မှု အပြည့်အဝမရရှိခဲ့ကြပါဘူး။

“ကျွန်မတို့ အမျိုးသမီးတွေကလည်း အနည်းဆုံးအမျိုးသမီး(၃၀)ရာခိုင်နှုန်းပါဝင်ရေးကို သူတို့(အမျိုးသားတွေ) ဆွေးနွေးတဲ့အပေါ်မှာ ဝမ်းသာတယ်။ ဒါပေမယ့်‘အားပေးရန်’ဆိုတဲ့စကားလုံးကိုတော့ ကျွန်မတို့က မကြိုက်ဘူး။ တိကျခိုင်မာတဲ့ တစ်စုံတရာသော အာမခံချက်ပေးတဲ့စကားလုံးမျိုး လိုချင်တယ်။ ညှိနှိုင်းဆွေးနွေးမှုတွေ အမျိုးမျိုးလုပ်ပြီး ရလုခါနီး အခြေအနေမှာ နိုင်ငံရေးအတွက် ပူးပေါင်းမှု ကြိုးစားအားထုတ်မှုအတွက် အမျိုးသမီးတွေ အင်မတန်လိုချင်တာလေးတွေ နည်းနည်းစတေးခံလိုက်ရတယ်လို့ ခံစားရတယ်”လို့ နန်းဖြူဖြူလင်းက ပြောပါတယ်။

နန်းဖြူဖြူလင်းကတော့ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ရဲ့ နည်းပညာအထောက်အကူပြုအဖြစ် ညီလာခံကို တက်ရောက်ခဲ့တာဖြစ်ပြီး ငြိမ်းချမ်းရေးအတွက် ကျားမတန်းတူညီမျှရေးမဟာမိတ်အဖွဲ့ရဲ့ နည်းပညာအကြံပေးတစ်ယောက်လည်း ဖြစ်ပါတယ်။

အစုအဖွဲ့(၅)ခု ဆွေးနွေးခဲ့ကြရာမှာ အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့နဲ့ နိုင်ငံရေးပါတီအစုအဖွဲ့တို့ရဲ့ သဘောတူညီမှုကိုရရှိခဲ့ပြီး တပ်မတော်အစုအဖွဲ့တစ်ခုတည်းရဲ့ သဘောတူညီမှုကို မရရှိခဲ့တာကြောင့် ‘အားပေးရန်’ဆိုတဲ့ စကားလုံးနဲ့သာ အဆုံးသတ်ခဲ့ရတာ ဖြစ်တယ်လို့ ကိုယ်စားလှယ်တွေက ပြောဆိုကြပါတယ်။

အမျိုးသမီးတွေ ပါဝင်လာဖို့ကို အမျိုးသားတွေက လိုလိုလားလားရှိကြပေမယ့် အရည်အချင်းရှိရင် (၃၀)ရာခိုင် နှုန်းထက်မက ပါဝင်နိုင်တယ်ဆိုတဲ့ ပြောဆိုသံတွေကိုတော့ ကျယ်ကျယ်လောင်လောင် ပြောဆိုနေကြတာပါ။ ယာယီအထူးလုပ်ဆောင်ချက်ဖြစ်တဲ့ ကိုတာစနစ်ကိုမနှစ်သက်ကြတဲ့အမျိုးသားတွေသာမက အမျိုးသမီးတွေလည်း ရှိကြပါတယ်။

“အမျိုးသမီး ပါဝင်ခွင့် ၃၀ ရာခိုင်နှုန်းမှာ ဒါကအမျိုးသားတိုင်းပေးချင်တဲ့ အခွင့်အရေးတစ်ရပ်ပါ။ အမျိုးသားတွေက ၃၀ ရာခိုင်နှုန်းအပြင် ဒီထက်ပိုတဲ့ရာခိုင်နှုန်းလည်း ပေးနိုင်တယ်။ဒါပေမယ့်ဘယ်လောက်ပါလာနိုင်မလဲ၊ ဘယ်လောက်ထိနေရာရလာမလဲဆိုတဲ့ တစ်ဘက်က အမျိုးသမီးတွေရဲ့စွမ်းဆောင်ရည်တွေကိုလည်း မြှင့်တင်ပေးဖို့လိုတယ်။ ၃၀ ရာခိုင်နှုန်းဆိုတာက သဘောမတူစရာမရှိပါဘူး။ အားလုံးသဘောတူခဲ့တဲ့အချက်ပါ”လို့မွန်အမျိုးသားပါတီရဲ့ အထွေထွေအတွင်းရေးမှူးနိုင်လယ်တမားကလည်း ပြောပါတယ်။

တကယ်တော့ အနည်းဆုံး အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင်ရေးဆိုတာဟာ အမျိုးသားခေါင်းဆောင်တွေလွှမ်းမိုးထားတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပြင် နိုင်ငံရေးဆိုင်ရာ အုပ်ချုပ်ရေး၊ဥပဒေပြုရေး၊တရားစီရင်ရေး စတဲ့အခန်းကဏ္ဍတွေမှာ အမျိုးသမီးတွေပိုမိုပါဝင်လာဖို့အတွက် တွန်းအားပေးတဲ့ ယာယီအထူးလုပ်ဆောင်ချက်တစ်ခုပဲ ဖြစ်ပါတယ်။

ယာယီလုပ်ဆောင်ချက်ဆိုတဲ့အတိုင်း အမျိုးသမီးတွေ မျှော်မှန်းထားသလို ၃၀ရာခိုင်နှုန်း ပါဝင်လာပြီး အခန်းကဏ္ဍတိုင်းမှာ အမျိုးသမီးဦးဆောင်သူတွေရှိလာပြီဆိုရင်တော့ ဒီယာယီလုပ်ဆောင်ချက်ကို အမျိုးသမီးအရေး လုပ်ဆောင်နေသူတွေကိုယ်တိုင်က ပယ်ဖျက်ပေးမယ်လို့ အာမခံထားကြပါတယ်။

“မြန်မာစကားက ရှင်းရှင်းလေး။ အနည်းဆုံး ၃၀ ရာခိုင်နှုန်း။ ၃၀ ရာခိုင်နှုန်းထက် ကြိုက်သလောက်ပါလို့ ရတယ်။ပြီးရင် ဒါသည်ယာယီအထူးလုပ်ဆောင်ချက် တစ်ခုပဲဖြစ်တယ်။ အမျိုးသားကြီးစိုးရေးနဲ့ အမျိုးသားခေါင်းဆောင်တွေရဲ့လွှမ်းမိုးမှုထဲမှာအမျိုးသမီးတွေပါဝင်လာဖို့ ယာယီအထူးလုပ်ဆောင်ချက်တစ်ခုသာဖြစ်တယ်။ အမျိုးသမီးတွေဟာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ တခြားကဏ္ဍတွေမှာ ပါဝင်ရလာပြီဆိုရင်တော့ အဲ့ဒီစနစ်ကြီးကိုဖြုတ်လိုက်။ ကျွန်မတို့ကအရင်စဖြုတ်ပေးမှာ”လို့ နန်းဖြူဖြူလင်းက သူမရဲ့ရပ်တည်ချက်ကို အခိုင်အမာပြောဆိုပါတယ်။

မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားတဲ့ စီဒေါအပိုဒ် ၄ မှာလည်း အမျိုးသမီးတွေ ပါဝင်လာဖို့အတွက် ယာယီအထူးလုပ်ဆောင်ချက်တွေကို နိုင်ငံတော်က လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိအခြေအနေမှာတော့ အမျိုးသမီးတွေ ပိုမိုပါဝင်လာဖို့ တောင်းဆိုလိုက်တာနဲ့ ‘အရည်အချင်းရှိရင်တက်လာခဲ့’ဆိုတဲ့စိန်ခေါ်မှုမျိုးကိုသာ ရင်ဆိုင်နေကြရပါတယ်။

အရည်အချင်းဆိုတဲ့နေရာမှာ ဒါဟာအမျိုးသမီးတွေကိုပဲ တိုင်းတာသလား၊ အမျိုးသားတွေကိုရော အရည်အချင်းဆိုတဲ့ပေတံနဲ့တိုင်းတာပြီး ကဏ္ဍတိုင်းမှာ ပါဝင်ခွင့်ပေးခဲ့တာလားဆိုတာကတော့ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။

နန်းဖြူဖြူလင်းကတော့ အမျိုးသမီးတွေပါဝင်ဖို့ စွမ်းဆောင်ဖို့ဆိုတာထက် စွမ်းဆောင်နိုင်ခွင့်ဆိုတာက ပိုအရေးကြီးတယ်လို့ ထောက်ပြပြောဆိုလိုက်ပါတယ်။

“အမျိုးသမီးတွေ ပါဝင်ဖို့က စွမ်းဆောင်နိုင်ဖို့ဆိုတာထက် စွမ်းဆောင်နိုင်ခွင့်ဆိုတာက ပိုအရေးကြီးတယ်။ စွမ်းဆောင်ရည်ရှိပြီးသား အမျိုးသမီးတွေ စွမ်းဆောင်နိုင်ခွင့်မရတာတွေ တစ်ပုံကြီး။ အမျိုးသမီးတွေပါဝင်နေပြီပဲ။ ပညာရေးကဏ္ဍတို့၊ ကျန်းမာရေးကဏ္ဍတို့ စီးပွားရေးစာရင်းကိုင်တို့မှာ မိန်းမတွေအများကြီးပဲ။ အဲဒါက ဝန်ဆောင်မှုပေးတဲ့နေရာတွေ။ မိန်းမဆိုတာ ပြုစုတတ်ရမယ်ဆိုတဲ့ Stereotyping (ပုံခံခွက်) အတွေးအခေါ်နဲ့ များနေတာ။ တကယ်တမ်းက အမျိုးသမီးတွေဟာလည်း လူသားဖြစ်တယ်။ သူသည်လည်း အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စတဲ့ကဏ္ဍတွေမှာ စွမ်းစွမ်းတမံပါဝင်နိုင်တယ်။ အဲဒီလိုပါဝင်ဖို့ အခက်အခဲ၊ အတားအဆီးတွေကလည်း အများကြီးရှိသေးတယ်”

ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူစာချုပ်အစိတ်အပိုင်း(၂)ကို ညီလာခံရဲ့ နောက်ဆုံးနေ့ဖြစ်တဲ့ ဇူလိုင်လ(၁၆)ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြပြီး ဒီသဘောတူညီချက်တွေကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)က တင်သွင်းတဲ့ အခြေခံမူအဆိုပြုချက်(၁၄)ချက်ကို ညီလာခံမှာ ပြန်လည်ဆွေးနွေးပြီး သဘောတူခဲ့တာပဲ ဖြစ်ပါတယ်။

“ကဏ္ဍအသီးသီးမှာ အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်းပါဝင်ရေးကို အားပေးရန်”ဆိုတဲ့ အခြေခံမူရဲ့ခိုင်မာတိကျမှု မရှိခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်း ငြိမ်းချမ်းရေးအတွက် ကျားမတန်းတူရေးမဟာမိတ်အဖွဲ့ရဲ့ လေ့လာဆန်းစစ်ချက်မှာ ဖော်ပြထားပါတယ်။


အခုကျင်းပတဲ့ ညီလာခံမှာ အမျိုးသမီးပါဝင်မှု ၂၂ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပေမယ့် ကဏ္ဍအလိုက် ဆွေးနွေးပွဲတွေမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုကို အာမခံချက်ပေးနိုင်တဲ့ မူဝါဒရေးဆွဲရာမှာ ကျားမတန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးမှုတွေ လိုအပ်နေသေးတယ်လို့ ဖော်ပြထားပါတယ်။

အခုသဘောတူညီမှုရရှိခဲ့တဲ့ ‘အားပေးရန်’ဆိုတဲ့ စကားလုံးအပေါ်မှာ ဆွေးနွေးစဉ်က အစုအဖွဲ့(၅)ခု အကျိတ်အနယ်ဆွေးနွေးခဲ့ကြပေမယ့် ငြိမ်းချမ်းရေးညီလာခံမှာ ကျားမတန်းတူရေးကို လုံးဝမဆွေးနွေးရတာနဲ့စာရင် အခုလိုဆွေးနွေးခဲ့ကြတာဟာ ကောင်းမွန်တဲ့အခြေအနေတခုလို့ ဆိုရမှာပါ။

ဒါကြောင့် ရရှိလာတဲ့ရလာဒ်အပေါ် အကောင်းဆုံးဖြစ်အောင် ဆက်လက်လုပ်ဆောင်သွားကြဖို့ အမျိုးသမီးအဖွဲ့တွေကတော့ စိတ်ပိုင်းဖြတ်ထားကြပါတယ်။

ဒါသည် နည်းပညာတိုက်ပွဲတစ်ခုတည်း မဟုတ်ပါဘူး။ တကယ်က စားပွဲဝိုင်းပေါ်မှာ နိုင်ငံရေးအခင်းအကျင်းနဲ့ အစုအဖွဲ့အလိုက် ကစားနေရတဲ့ တိုက်ပွဲတစ်ခု ဖြစ်တဲ့အတွက် ပြည်ထောင်စုသဘောတူစာချုပ်ထဲကို အားလုံးသဘောတူညီပြီး ပါဝင်နိုင်ဖို့ဆိုရင် အတော့်ကို ပေးလိုက်ရတာတွေ ရင်းလိုက်ရတာတွေ ရှိပါတယ်။ နိုင်ငံရေးအရဆိုရင်တော့စည်းလုံးညီညွတ်မှုကို ပြသနိုင်လိုက်တယ်။ ဒါပေမယ့် ကျေနပ်သလားဆိုရင်တော့ ဘာမှမရတာထက်စာရင်တော့ ရသွားတဲ့အချက်ပေါ်မှာ အကောင်းဆုံးဆက်ပြီးတော့ ကြိုးစားသွားရမှာပဲဖြစ်ပါတယ်”လို့ နန်းဖြူဖြူလင်းက ပြောပါတယ်။

ညီလာခံမစခင်က တက်ကြွတဲ့ခြေလှမ်းတွေနဲ့ ရောက်လာခဲ့ကြသလို အပြန်ခရီးမှာလည်းအားမလျော့သွားပဲကျားမတန်းတူရေးအတွက် နောက်ထပ်လှေကားထစ်တွေ တက်လှမ်းနိုင်ဖို့ ကြိုးစားရင်း ဒီမိုကရေစီစနစ်ကို အားကောင်းအောင် လုပ်ဆောင်သွားကြရမှာက အမျိုးသမီးကိုယ်စားလှယ်တွေ၊ အမျိုးသမီးရေးဆောင်ရွက်နေသူတွေရဲ့ အဓိကတာဝန်ပဲ မဟုတ်ပါလား။




**တုတ်ထိုး** - ဒီမိုကရေစီရပြီ။ ဒီမိုကရေစီ ရပြီဟေ့။ လမ်းဘေးတွေမှာတောင် ဒီမိုကရေစီရပြီ။
**အိုးပေါက်** - အော်ကြီးဟစ်ကျယ်တွေ လုပ်လှုပါလား။ ဘယ်က ဒီမိုကရေစီ ရနေတာလဲ။

**တုတ်ထိုး** - ဒီမှာလေ၊ ဒီမိုကရေစီ မရသေးပါဘူးလို့ သံယောင်ဟစ်မနေနဲ့ ဒီမှာ ဒီမိုကရေစီ ရပြီ။ ဒီမိုကရေစီ ရပြီ။ ဟဲဟဲဟဲ။
**အိုးပေါက်** - ဟွန်း၊ သူ့ကိုယ်သူ ဇင်ဝိုင်းများ မှတ်နေလား မသိဘူး။

**တုတ်ထိုး** - ဟဲဟဲဟဲ။
**အိုးပေါက်** - ပါးစပ်ကသာ ဒီမိုကရေစီပြောနေတာ။ ဒီမိုကရေစီဆိုတာကိုရော နားလည်ရဲ့လား။ သိရဲ့လား။

**တုတ်ထိုး** - သိသားပဲ။ ဒီမိုကရေစီဆိုတာ ပြောချင်တာပြော လုပ်ချင်တာလုပ်လို့ ရနေတာကို ဒီမိုကရေစီလို့ ခေါ်တယ်။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - .....။

**တုတ်ထိုး** - ခင်ဗျားကို ဝေဖန်ပိုင်ခွင့် ကျုပ်မှာရှိတယ်။ အစိုးရအပေါ် မကျေနပ်တာတွေကို ပြောဆိုမယ်။ ဝေဖန်မယ်။ Ha Ha ပေးမယ်။ ခင်ဗျားလုပ်တာ မှန်သမျှ စောင့်ကြည့်မယ်။
**အိုးပေါက်** - .....။

**တုတ်ထိုး** - ပြီးတော့ ခင်ဗျားခြေတစ်လှမ်းမှားတာနဲ့ Facebook ပေါ် တင်မယ်။ Like တွေ အများကြီးရမယ်။ အိမ်ခန်းထဲကနေပြီး Facebook နိုင်ငံရေးလုပ်မယ်။ ဒါပဲ။ ဒါဟာ ဒီမိုကရေစီပဲပေါ့။
**အိုးပေါက်** - .....။

**တုတ်ထိုး** - ငြိမ်လှချည်လား။ ဘာလဲ။ ကျုပ်ရဲ့ ဒီမိုကရေစီ သဘောတရားတွေကို ကြွေသွားပြီမဟုတ်လား။ ခင်ဗျား ကျုပ်နဲ့ စကားပြောဖို့တောင် တွန့်နေပြီ၊ လန့်နေပြီ မဟုတ်လား။ ဟဲ ဟဲ ဟဲ။ ခင်ဗျားတိတ်ဆိတ်မနေစမ်းပါနဲ့။ ဒီမိုကရေစီခေတ်ရောက်ပြီဆိုတော့ပြောချင်တိုင်းပြောပေတော့။ မကျေနပ်တာတွေ ဖွင့်ချပေတော့။ အသွင်မတူတဲ့သူတွေကို ကဲ့ရဲ့ပေတော့။ အခုလို တိတ်ဆိတ်နေတာ ခင်ဗျားဟာ ခပ်တုံးတုံး အိုးပေါက်တစ်ယောက်ဆိုတာ ကျုပ် သိသွားပြီ ဟဲဟဲဟဲ။ ခင်ဗျားဟာ ခပ်တုံးတုံး မြည်းတစ်ကောင်ပဲ။
**အိုးပေါက်** - လူတစ်ယောက်မှာ တိတ်ဆိတ်ခွင့်လည်း ရှိပါတယ်။ ပြောရေးဆိုခွင့် ရှိသလို လွတ်လပ်စွာ တိတ်ဆိတ်ခွင့် ရှိ
တ
ပဲ။ လွတ်လပ်စွာတိတ်ဆိတ်နေတာလည်း ဒီမိုကရေစီပဲဗျ။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။
**အိုးပေါက်** - ကိုတုတ်ထိုးရဲ့ ခပ်ပေါပေါ ခပ်ကြောင်ကြောင် ဒိုင်ယာလော့ခ်တွေ နားထောင်ပြီး ရူးတောင်ရူးချင်သွားတယ်။

**တုတ်ထိုး** - ခင်ဗျားမရူးရင် ကျုပ်ရူးတာပဲ ဖြစ်လိမ့်မယ်။
**အိုးပေါက်** - မနက်ဖြန် ဆရာဝန်ဆီ သွားပြလိုက်ဦးမယ်။ ပြီးရင် သူ့ထောက်ခံစာယူပြီး ခင်ဗျားကို သက်သေပြဦးမယ် သိလား။

**တုတ်ထိုး** - ဘာထောက်ခံစာတုန်း။ ဘာ သက်သေတုန်း။
**အိုးပေါက်** - ကျုပ် မရူးကြောင်း ထောက်ခံစာလေ။ ကျုပ် မရူးကြောင်း သက်သေလေ။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - မှတ်တောင် ထားရဦးမယ်။ ဒါနဲ့ ကိုအိုးပေါက်ရေ. . . ကျုပ်တို့တိုင်းပြည်ကြီးရဲ့ အခြေအနေလေး ပြောပါဦးဗျ။
**အိုးပေါက်** - စိုစိုပြည်ပြည် အေးအေးချမ်းချမ်းပါပဲဗျ။

**တုတ်ထိုး** - ခင်ဗျားဘာသာ စိုပြည်တယ် အေးချမ်းတယ် ပြောနေတာ။ ကျုပ်တို့ ပြည်သူတွေမှာ ရေထဲကမထွက်နိုင်ပါလား။ အအေးပတ်လို့ သေတော့မယ်။ ရေနစ်လို့သေတော့မယ်။
**အိုးပေါက်** - အဲဒါပေါ့။ အဲဒါကြောင့်ပြောတာပေါ့။ ရေထဲလားဗျာ။ ရေထဲမှာ အေးချမ်းဒါကြောင့် အေးချမ်း စိုပြည် တို့တိုင်းပြည်ကြီးပါ ဆိုနေမှ။

**တုတ်ထိုး** - ရာသီဥတုတွေက သိပ်ဆိုးရွားတာပဲဗျ။ ပူတော့လည်းနေစရာမရှိအောင် ပူတယ်။ ရွာတော့လည်း နေစရာမရှိအောင် ရွာတယ်။
**အိုးပေါက်** - "သစ်တောသစ်ပင်တို့ချစ်ခင်၊ သစ်ပင်စိုက်ပျိုး ပြည်အကျိုး"ဆိုပြီး ဆောင်ပုဒ်တွေ ရေး၊ ဆိုင်းဘုတ်တွေထောင်။ ပြီးတော့ တစ်တောလုံး ပြောင်အောင်ခုတ်ခဲ့ကြတဲ့ ကျေးဇူးရှင်ကြီးများရဲ့ အမွေအနှစ်ကို ပြည်သူတွေ လည်စင်းခံကြရတာပါပဲ။

**တုတ်ထိုး** - တစ်ခုတော့ အမြတ်ထွက်တယ်နော်။ စစ်သားတွေကလည်း ရေဘေးသင့်ပြည်သူတွေကို ကူညီကြတယ်။ ကြံ့ခိုင်ရေးပါတီရော၊ NLD ပါတီကလူတွေရော ရေဘေးသင့်ပြည်သူတွေကို ကူညီကြတယ်။ ပြည်သူ့အားကိုလည်း တွေ့ရတယ်။ ဒုက္ခထဲက လူတွေရဲ့ အလှတရားတစ်ခုပဲဗျ။ အဆိုးထဲက အကောင်းလို့တွက်ရမှာပဲ။
**အိုးပေါက်** - ဒီနှစ်ထဲမှာ ရာသီဥတုပို ဆိုးရွားလာသလိုပဲ။ ကျုပ်တို့ မြစ်ကြီးနားမှာလည်း မိုးဆက်မရွာဖို့ ဆုတောင်းနေရတယ်။

**တုတ်ထိုး** - ကျုပ်ကတော့ မြစ်ဆုံစီမံကိန်းကြီး ဘယ်အစိုးရလက်ထက်မှ ဖြစ်မလာပါစေနဲ့လို့ ဆုတောင်းနေတာပါပဲ။
အိုးပေါက် - ကျုပ်ကတော့ တော့ဘူးထင်တာပဲ။ လုပ်ချင်တယ်ထားဦး။ ဧရာဝတီကို အသက်ပေးပြီး ကာကွယ်မယ့် ပြည်သူတွေ ရှိနိုင်တယ်။ ပြည်သူ့အားကို သူတို့မလွန်ဆန်နိုင်ပါဘူး။

**တုတ်ထိုး** - ကျုပ်ကတော့ လူပြိန်းတွေး တွေးတယ်။ နောက် ၂၀၂၀ မှာလည်း မြစ်ဆုံစီမံကိန်းအသံတွေ သိပ်မကျယ်လောက်ဘူးလို့။
**အိုးပေါက်** - ဘာဖြစ်လို့တုန်း။

**တုတ်ထိုး** - ရွေးကောက်ပွဲ အရှိန်ပေါ့ဗျာ။ ဟဲဟဲဟဲ။
**အိုးပေါက်** - ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ဘယ်သူတွေ နေရာရလာကြမလဲ။

**တုတ်ထိုး** - ပြည်သူအပေါ် တကယ်စေတနာထားကြတဲ့ သူတွေ နေရာရလာကြပါလိမ့်မယ်။
**အိုးပေါက်** - ရွေးကောက်ပွဲဝင်ပြိုင်မယ့် လူတွေကိုလည်း ပြောချင်တယ်ဗျ။ ရွေးကောက်ပွဲနီးမှ လမ်းခင်းပေးမလိုလို၊ ကျောင်းပဲ ဆောက်ပေးတော့မလိုလို၊ပြည်သူ့အိုးအိမ်တွေကိုပဲ မိုးမျှော်တိုက်ကြီးတွေ ဆောက်ပေးတော့မလိုလို မလုပ်ကြပါနဲ့။ တကယ့်စေတနာပါပါနဲ့ လုပ်ကြပါ။ ဒီတစ်ခါရွေးကောက်ပွဲရှုံးရင်လည်း ပြည်သူ့အပေါ် တကယ့်စေတနာဆက်ထားပါ။ တစ်ချိန်ချိန်တော့ ပြည်သူက ပေးတဲ့နေရာ ရလာပါလိမ့်မယ်။ ပြီးတော့ တစ်ခါ ရွေးကောက်ပွဲရှုံးတိုင်း အရှုံးမပေးကြပါနဲ့။ အမေရိကန်ပြည်ထောင်စုရဲ့ ၁၆ ယောက်မြောက် သမ္မတဖြစ်ခဲ့တဲ့ အီဗကြပါ။ လင်ကွန်းဆိုရင် နှစ်ပေါင်း ၃၀ ရွေးကောက်ပွဲ ရှုံးတယ်။ စိတ်ဓာတ်မကျဘူး။ ဆက်ပြိုင်တယ်။ နောက်တော့ သမ္မတဖြစ်လာခဲ့တယ်။

**တုတ်ထိုး** - ခင်ဗျားအဘတွေကနေရာရမှ အလုပ်လုပ်ချင်တဲ့ သူတွေဖြစ်နေရင် ဘယ်လိုလုပ်မလဲ။
**အိုးပေါက်** - ဒီလိုလူတွေဟာ ပြည်သူတွေပေးတဲ့နေရာ ဘယ်တော့မှ ရမှာ မဟုတ်ပါဘူး။

**တုတ်ထိုး** - ကျုပ်တောင် ကြားဖြတ်ရွေးကောက်ပွဲလေး ဝင်ပြိုင်ရင် ကောင်းမလားလို့။
**အိုးပေါက်** - ဘာဖြစ်လို့။

**တုတ်ထိုး** - ဝန်ကြီးဖြစ်ရင် ကျုပ်တို့ ရပ်ကွက်ထဲက လမ်းတွေ ခင်းချင်လို့ပါ။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။ အခုလည်း လမ်းတွေ ခင်းနေတာပဲကို။

**တုတ်ထိုး** - အဟဲ၊ ကျုပ်တို့ ရပ်ကွက်တွေဆီ အလှည့်မရောက်သေးလို့။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - ဟွန်း၊ ပြောကို မပြောချင်တော့ဘူး။

**တုတ်ထိုး** - ဒါနဲ့ ခုနက မြစ်ဆုံစီမံကိန်းဆိုလို့ သတိရလို့ပြောပါဦးမယ်။ လာအိုမှာ ဆည်ပြိုလို့အသေအပျောက်များခဲ့တာနော်။
**အိုးပေါက်** - ဟုတ်တယ်။ Main dam ပြိုကျတာ မဟုတ်ဘဲ Saddle dam က ပြိုကျတာတဲ့ဗျ။ တောင်ကြားတွေထဲက ဆည်ရေမထွက်အောင် လိုက်ကာရံထားတဲ့ တာတမံတွေ

**တုတ်ထိုး** - ၂၀၁၃ ခုနှစ်ကတည်းက အဲဒီမီဂါဆည်ကြီးကို တည်ဆောက်နေခဲ့တာ။ လျှပ်စစ်ဓာတ်အား ထုတ်ဖို့အတွက်ပေါ့။ ခုတော့ မိုးသည်းထန်ပြီး ရေလွှမ်းမိုးတယ်။ ပြီးတော့ ဆည်ကြိုးကျတဲ့ ပြဿနာက နောက်ဆက်တွဲပြဿနာဖြစ်လာတယ်။
**အိုးပေါက်** - မြစ်ဆုံစီမံကိန်းအတွက် အဲဒီမီဂါဆည်ကြီးက သတိပေးခေါင်းလောင်း ထိုးလိုက်သလိုပါပဲ။

**တုတ်ထိုး** - ဒါပေါ့ဗျာ။
အိုးပေါက် - ကျုပ်တို့ဆီမှာလည်း ဆည်တမံတွေ ရှိတယ်။ မိုးတွေသည်း၊ ရေကြီးရေလျှံတွေဖြစ်နေလို့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ဆည်/တမံ ၃၆ ခု ရေပြည့်နေပြီး ရေပိုလွှဲက ရေကျော်နေတယ်လို့ ကြားရတယ်။

**တုတ်ထိုး** - ကျုပ်တို့ မြန်မာနိုင်ငံမှာ ဆည်တွေပေါတယ်။ နောက်ထပ်တည်ဆောက်မယ့် ဆည်တွေကလည်း ၅၀ လောက် ရှိသတဲ့ဗျ။
**အိုးပေါက်** - ဆည်တမံတွေရဲ့ကြံ့ခိုင်မှုအခြေအနေတွေကိုတော့ မထိန်ချန်ဘဲ ပြည်သူလူထုဆီ သတင်းအချက်အလက် အမှန်တွေကို ပို့နေရမယ်။

**တုတ်ထိုး** - သတိဆိုတာ ပိုတယ်မရှိဘူးပေါ့ဗျာ။ ။

# ဖတ်လိုက်ရသော လီဆူပုံပြင်လေးတစ်ပုဒ်

အင်ခိုင်ဘွမ်




ပန်းချီဦးလှတင်ထွန်းက ပန်းချီဆရာကြီးဦးမြတ်ကျော် ရာပြည့်ပွဲပြုလုပ်မည်ဟု ဆိုသည်။ ထို့နောက် ဦးမြတ်ကျော်၏ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီများကို တတ်နိုင်သရွေ့ရှာပေးရန် တာဝန်ပေးလာခဲ့သည်။ ထို့ကြောင့် လက်လှမ်းမီသမျှ မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ ပေဖူးလွှာ အစရှိသည့် မဂ္ဂဇင်းများကို ပြန်လှန်ရသည်။ ထိုသို့လှန်ရင်း လီဆူပုံပြင်လေးတစ်ပုဒ်ကို ၁၉၆၀၊ နိုဝင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် တွေ့လိုက်ရသည်။ ရေးသူက ယုဝတီဂျင်းဖေါမယ် ခေတ္တ-မေလိခမြစ်ဝှမ်းဟု ရေးထားသည်မှာ လွမ်းဖွယ်ကောင်းသေးတော့သည်။ ထိုအချိန်က ဆရာမကြီးသည် နယ်ခြားဒေသအုပ်ချုပ်ရေးဌာန၏ လစာမဲ့အပျော်တမ်း နယ်လှည့်စာရေးဆရာအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။

ဆရာမကြီးသည် လီဆူပုံပြင်လေးကို ငွေတာရီသို့မပို့ခင် စက်တင်ဘာလထုတ် မြဝတီမဂ္ဂဇင်းတွင်လည်း"ကျောင်းသုံးစာအုပ်များတွင် ခါကာဘိုရာဇီတောင်ကြီးကိုမြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ကြီးအဖြစ် ဖော်ပြသင့်ကြောင်း" တိုက်တွန်းသော အိမ်မက်ပမာဆောင်းပါးရှည်ကြီးကိုလည်း ရေးသားခဲ့သေးသည်။ ထို့နောက်တွင်မှ သစ္စာရှင်မင်းသမီးလေး ဟူသော လီဆူပုံပြင်လေးကို ရေးသားခဲ့ခြင်းဖြစ်သည်။ထိုပုံပြင်ကို မူလာရှီဒီး စံပြရွာမှ သာသနာပြုဆရာကြီးဂျေအာမော့(စ်)ထံမှလား၊ ရဝမ်အမျိုးသားကြီး ဦးဖုန်းဇီးဖုန်ထံမှလား၊ သို့မဟုတ် လီစူးတိုင်းရင်းသားများထံမှလားတော့ မသိပေ။

ရှေးအခါ အလွန်ဒေါသကြီးသော လီစူးဘုရင်တစ်ပါးရှိခဲ့သည်။ ဘုရင်ကြီးတွင် အလွန်ချောမောလှပသော သမီးတော်လေးတစ်ပါးလည်း ရှိသည်။ တစ်နေ့ သမီးတော်လေးကို စောင့်ရှောက်ရသော အထိန်းတော်ကြီး၏ပေါင်မှာ ဖောရောင်လာခဲ့သည်။ ကြိတ်၍ကုသသော်လည်း မပျောက်ခဲ့။ ထိုအကြောင်းကို ဘုရင်ကြီးသိသောအခါ အထိန်းတော်ကြီးကို နယ်နှင်ဒဏ်ပေးခဲ့သည်။ မြို့ပြင်သို့ရောက်သောအခါ အထိန်းတော်ကြီး၏ ပေါင်အတွင်းမှ ဖားလေးတစ်ကောင်ကို ဖွားမြင်ခဲ့လေသည်။ အထိန်းတော်ကြီးနှင့် ဖားလေးသည် မြို့ပြင်တွင်ပင် နေထိုင်ခဲ့ကြသည်။ ကာလကြာသောအခါ အရွယ်ရောက်လာသောဖားလေးက သူ့ကိုဘုရင့်သမီးတော်လေးနှင့်လက်ထပ်ပေးရန် အတင်းပူဆာခဲ့သည်။

ပူဆာလွန်းမက ပူဆာသဖြင့် အထိန်းတော်ကြီးက ဘုရင်ကြီးကို သွားရောက်လျှောက်ထားခဲ့သည်။ ဘုရင်ကြီးက အမျက်ချောင်းချောင်းထွက်ပြီး သဘောမတူခဲ့ပေ။ ထိုအခါ ဖားလေးက အော်၍ရီတော့သည်။ ထိုအခါ နန်းတော်ကြီး သိမ့်သိမ့်ခါအောင်လှုပ်လာပြီး မြေသားများလည်း အက်ကွဲကုန်သည်။ ထို့နောက် ဖားလေးက ငိုကြွေးပြန်ရာ မိုးကြီးရွာချပြီး နန်းတော်ပါရေဖုံးလာခဲ့သည်။ ဘုရင်ကြီးလည်း မတတ်သာသည့်အဆုံး သဘောတူကာ လက်ထပ်ပေးလိုက်ရသည်။ မင်းသမီးလေးလည်း ငိုယိုကာ ဖားလေးနောက်သို့ လိုက်ပါသွားခဲ့ရသည်။ ဖားသတ္တဝါကို ယောကျ်ားတော်ရသည်ကို ရှက်ခဲ့သည်။

အစွမ်းရှိသော ဖားလေးသည် မင်းသားလေးယောင်ဆောင်၍ သူ့ဇနီး၏သစ္စာကို အမျိုးမျိုးစမ်းသပ်ခဲ့သည်။ မင်းသမီးလေးက "ခမည်းတော်လက်ဆက်ပေးသောသူကလွဲ၍ မည်သူနှင့်မျှ ကျူးလွန်ပေါင်းသင်းခြင်း မပြုလုပ်နိုင်"ဟူ၍သာ ငြင်းဆိုခဲ့သည်။ သို့သော် မကြာခဏကြုံနေရသဖြင့် မင်းသမီးလေးလည်း မသက်သာသဖြင့် ထိုမင်းသားလေးနောက်သို့ နောက်ယောင်ခံလိုက်သွားခဲ့သည်။ လမ်းတစ်နေရာတွင် ဖားအရေခွံကို တွေ့ခဲ့ရသည်။ မင်းသမီးလေးလည်း ထိုအရေခွံကို မီးရှို့လိုက်သည်။ ထိုအခါမှ ဖားအသွင်သို့မပြောင်းနိုင်တော့သည့် မင်းသားလေးကို သူ၏လင်ယောကျ်ားမှန်း သိခဲ့ရလေတော့သည်။ ထို့နောက် ပိုင်းတွင် ဘုရင်ကြီးကွယ်လွန်ပြီး နောက် ၎င်းတို့သည် တိုင်းပြည်ကိုပျော်ရွှင်စွာ အုပ်ချုပ်ခဲ့ကြလေတော့သည်ဟူ၏။

ဆရာမကြီး ယုဝတီဂျင်းဖေါမယ်က "ထိုအချိန်မှစ၍ ယနေ့တိုင် သစ္စာရှင်မင်းသမီးလေး၏ သိက္ခာတော်ကို စောင့်စည်းပေးခြင်းဖြင့် ဂုဏ်ယူလိုကြရှာသော လီစူးလူမျိုးတို့သည် တစ်ဦးနှင့်တစ်ဦးညာဝါးခြင်း၊ လိမ်လည်လှည့်ဖြားခြင်းများကို အထူးပင်ရှောင်ရှား၍ နေလာခဲ့ကြခြင်းဖြစ်သောဟူ၏"ဟု နိဂုံးချုပ်ခဲ့လေသည်။ မည်သို့ပင်ဆိုစေ ဆောင်းပါး၏ သက်တမ်းပင် အနှစ် ၆၀ ပြည့်တော့မည်ကို သတိထားလိုက်မိသည်။ ထို့ပြင် "ပြည်ထောင်စုတိုင်းရင်းသားများ၏ ယဉ်ကျေးမှုကို ဖော်ထုတ်သောအားဖြင့် မြန်မာ၊ မွန်၊ ရှမ်း၊ ကရင်၊ ကချင်၊ ကယား၊ ဂျင်းဖော၊ ရခိုင်စသည့် ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာပုံပြင်များကို လစဉ် ဖော်ပြပါမည်။ မည်သူမဆို မိမိတို့ကြားနာမှတ်သားဖူးသော တိုင်းရင်းသားရိုးရာပုံပြင်များကို ပေးပို့ပါရန် မေတ္တာရပ်ခံပါသည်"ဟူသော အယ်ဒီတာ၏ မှတ်ချက်ကိုလည်း လေးစားဖွယ်တွေ့ရှိရပါသည်။

"ပြည်ထောင်စု တိုင်းရင်းသားများဖြစ်သော လီဆူအမျိုးသားများမှာ ကချင်ပြည်နယ် ပူတာအိုဒေသတွင် နေထိုင်ကြသည်။ ထိုဒေသတွင် လီဆူအမျိုးသားများအပြင် ဒူလင်းဂျင်းဖော၊ ခန္တီးရှမ်းအမျိုးသား၊ ရဝမ်အမျိုးသား၊ တိဗက်အမျိုးသားစသည့်တို့လည်း နေထိုင်ကြသည်"ဟူ၍ လီဆူတိုင်းရင်းသားများကိုလည်း စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးခဲ့သေးသည်။

ပန်းချီဆရာကြီး ဦးမြတ်ကျော်၏သရုပ်ဖော်ပန်းချီများကို များများရှာမတွေ့ခဲ့သော်လည်း တိုင်းရင်းသားအရေးကို ဦးစားပေးဖော်ပြသော ငွေတာရီမဂ္ဂဇင်းကိုတော့ သဘောကျမိသွားသည်။ လူထုပုံပြင်ဆရာကြီး လူထုဦးလှ၏ ကချင်ပုံပြင်များ (ပ+ဒု)နှင့် ရဝမ်ပုံပြင်စာအုပ်များသို့ စိတ်ကရောက်သွားခဲ့သည်။ တိုးတက်လာသော နည်းပညာများအောက်တွင် ပုံပြောအလေ့သည် ဆုတ်ယုတ်သွားခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် အကြောင်းသင့်၍ ဖတ်လိုက်ရသော လီဆူပုံပြင်လေးကြောင့် လူကြီးမိဘများ အကြွင်နာခတ်ဖြင့်ပြောလေ့ရှိခဲ့သော ပုံပြင်ပြောသည့် တစ်ခေတ်ကို လှမ်း၍ လွမ်းမိလိုက်သည်။



# တနိုင်း လီဆူစစ်ရှောင်ပြည်သူများ အကူညီလိုအပ်နေ

မြစ်ကြီးနား၊ ၂

တနိုင်းမြို့ မော်ဘီရပ်ကွက်ရှိ ခရစ်တော်၏အသင်းတော်တွင်ဖွင့်လှစ်ထားသော ဒုက္ခသည်စခန်းတွင် လီဆူစစ်ရှောင်ပြည်သူများ နေထိုင်ရန် အဆောက်အဦးအသစ်များလိုအပ်လျက်ရှိနေကြောင်း သိရသည်။

ထိုစခန်းတွင် တနှစ်ကျော်ကြာနေထိုင်လာကြပြီး စစ်ရှောင်ဒုက္ခသည်စခန်းတွင် တည်ဆောက်ထားသော လူနေအိမ်အဆောက်အဦးသည် မိုးကာများ ဆွေးမြေ့လာခြင်း၊ အိမ်တိုင်များလည်း ဟောင်းနွမ်းပျက်စီးလာသောကြောင့် ယခုအချိန်တွင် အခက်အခဲဖြစ်နေခြင်း ဖြစ်သည်။

"မိုးရွာလေတိုက်တဲ့အခါကျတော့ မိုးတွေလည်မလုံဘူးဆိုတော့ ညမှာလည်းကောင်းကောင်းမအိပ်ရတော့ ခက်ခဲတာတွေ့ရှိတယ်။ စားနပ်ရိက္ခာလည်း မလောက်တော့ဘူး"ဟုစစ်ရှောင်စခန်းမှကော်မတီအဖွဲ့ဝင် ဦးဒံယေလက ပြောသည်။



ဘုရားကျောင်းဝင်းတွင် နေအိမ်အဆောက်အဦးခက်ခဲခြင်း နေရာအကျယ်အဝန်းကြပ်တည်းခြင်းတို့ကြောင့်နေထိုင်ရာတွင် ကျဉ်းကျပ်စွာနေထိုင်နေရကြောင်း သိရသည်။

"ကျွန်မတို့ မိုးကာတဲမှာပဲနေရတာဆိုတော့ ပူလွန်းလို့ကလေးတွေက ဖျားနာတာတွေရှိတယ်။ သက်ကြီးရွယ်အိုတွေလည်း အခက်အခဲဖြစ်တယ်။ အခန်းကကျဉ်းလွန်းလို့ နေရထိုင်ရခက်တယ်"ဟု စစ်ရှောင်စခန်းတွင် နေထိုင်သည့် ဒေါ်အက်စတာက ပြောသည်။

၂၀၁၇ခုနှစ်တွင် ကေအိုင်အေနှင့် တပ်မတော်တို့ တစ်ကျော့ပြန်တိုက်ပွဲများကြောင့် တုံမဏီ၊နမ့်ဗျူတာဘာချောင်းဘက်မှ ပြည်သူများသည် တနိုင်းမြို့တွင်ရှိသော ခရစ်တော်၏ အသင်းတော်သို့တိမ်းရှောင်လာကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဒုက္ခသည်စခန်းတွင် လူဦးရေ ၁၃၈ဦး၊ အိမ်ထောင်စု ၃၄ စု နေထိုင်လျက်ရှိနေပြီး ကူညီထောက်ပံ့မှုများလည်း ရောက်ရှိမှု နည်းပါးနေကြောင်း သိရသည်။

ဆန်လတ်

---

# တရုတ်ပြည်မှ ဝင်ရောက်လာသည့် ကားကြီးများကို ဖမ်းဆီးစစ်ဆေး

ဝိုင်းမော်၊ ဩဂုတ် ၂

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ကန်ပိုင်တည်နယ်စပ်ဂိတ်အတိုင်း ဝင်ရောက်လာပြီး ဝိုင်းမော်ဘက်သို့ ဦးတည်မောင်းနှင်လာသောကားကြီး ၂၈ စီးကို ဆဒုံးမြို့ ရေတံခွန်အနီးတွင် ဩဂုတ်လ ၂ရက်နေ့က တားဆီးစစ်ဆေးနေကြောင်း သိရသည်။

အဆိုပါကားများတွင် မြေဆီများ တင်ဆောင်လာသည်ဟုတာဝန်သိပြည်သူများကသတင်းပေး၍ တားဆီးစစ်ဆေးခြင်းဖြစ်ကြောင်းသိရပြီး ဝိုင်းမော်ရဲတပ်ဖွဲ့က ယင်းကားများနှင့်ပတ်သက်သည့် အချက်အလက်များကို ဖြေဆိုနိုင်ခြင်းမရှိသေးပါ။

ထိုဖမ်းဆီးရေးအဖွဲ့တွင် စီမံ/ဘဏ္ဍာရေး ဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာနမှ မြို့နယ်မှူးတို့ပါဝင်ကြောင်း ကနဦးစုံစမ်းသိရှိရသည်။

ကားကြီးများသည်တရုတ်နံပါတ်ပြားများ တပ်ဆင်ထားပြီး တရုတ်နိုင်ငံသားယာဉ်မောင်းများဖြစ်ကြောင်း သိရသည်။

တချို့ယာဉ်မောင်းများမှာ ကားကြီးများကိုပစ်၍ ထွက်ပြေးကြသဖြင့် ယာဉ်မောင်း ၇ ဦးကိုသာ ဖမ်းဆီးရမိခဲ့သည်ဟု ဝိုင်းမော်မြို့နယ် NLD သတင်းနှင့်ပြန်ကြားရေးမှ ကိုညဏ်ထွန်းက သူ၏လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။

"ကယ်ရီခ တစ်စီးလျှင် သိန်း ၂၀ ကျပ်ခန့်ကုန်ကျသည်ဟု သိရပါသည်။ တစ်စီးလျှင် (ကုန်+ယာဉ်) တန်၅၀ခန့် တင်ဆောင်ပါသည်။ လမ်းများပျက်စီးမှုမှာ ထိုကားများကြောင့်ဖြစ်ပါသည်။ တောလမ်းထဲသို့ တစွတ်ထိုး ထွက်ပြေးလွတ်မြောက်သွားကြပါသည်"ဟု ရေးသားဖော်ပြထားသည်။

အဆိုပါ ကားများပေါ်တွင် မည်သည့်ပစ္စည်းများ ပါဝင်သည်ကို ယနေ့ဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရပြီး ယမန်နေ့ညက ထိုကားကြီးများကို လော်ဝေါ်ဗိမာန်တော်ဝင်းအတွင်း ညသိပ်ထိန်းသိမ်းထားခဲ့သည်။

Ah Je






# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




| ဂရုမစိုက်ခြင်းအနုပညာ |
| --- |
| စာရေးသူ = ချမ်းမြေ့ဝင်း(ဘာသာပြန်) |
| စာအုပ်တိုက် = ဇာစ်မြစ် |
| တန်ဖိုး = ၄၀၀၀ ကျပ် |

Mark Manson ရဲ့ စာအုပ်ကို ချမ်းမြေ့ဝင်းက ဂရုမစိုက်ခြင်းအနုပညာဆိုတဲ့နာမည်နဲ့ ဘာသာပြန်ထားတာ ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ အောင်မြင်ရေးစာအုပ်မဟုတ်သလို ချမ်းသာနည်းစာအုပ်လည်း မဟုတ်ပါဘူး။ အမြန်ဆုံး စိတ်ချမ်းသာနည်းတွေ စုထားတဲ့ စာအုပ်လည်း မဟုတ်ပါဘူး။ တတ်ကျမ်းလည်း မဟုတ်ဘူး။ လူ့ဘဝရဲ့ရှောင်မရတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို အဓိပ္ပာယ်ရှိရှိ ရင်ဆိုင်နိုင်ဖို့ အကြံပေးတဲ့ စာအုပ်ပဲ ဖြစ်ပါတယ်လို့ ဘာသာပြန်သူက အမှာစာမှာရေးသားထားပါတယ်။

ခံစားချက်ဆိုတဲ့အရာဟာ ကျွန်တော်တို့အတွက် ဘာတွေကမှန်သလဲ၊ မှားသလဲ ဆိုတာကို သိဖို့လောက် ပဲ အသုံးဝင်တယ်။ မီးထဲလက်ထည့်မိရင် ပူခနဲဖြစ်သွားတဲ့ ခံစားမှုကြောင့် နောက်တစ်ခါထပ်မလုပ်ရဲတော့ဘူး။ တစ်ယောက်တည်းဖြစ်နေရင်ခံစားရတဲ့ အထီးကျန်မှုကြောင့် လူတွေနဲ့ဝေးစေတဲ့အရာတွေကို ထပ်မလုပ်တော့ဘူး။ ဒီခံစားမှုတွေ သက်သက်သာဖြစ်တယ်။

ဒီလိုပြောတယ်ဆိုတာ ခင်ဗျားတို့ရဲ့ ဝမ်းနည်းစရာအချိန်တွေကို ပေါ့ပျက်ပျက်ပဲထင်လို့ပြောတာ မဟုတ်ဘူး။ စိတ်ညစ်တယ်၊ စိတ်ဆင်းရဲတယ်ဆိုတာ မရှင်းရသေးတဲ့ ပြဿနာတွေရှိနေတဲ့ အကြောင်းကို ဦးနှောက်က သတင်းပို့နေတာ။ ဒီလိုခံစားရတယ်ဆိုတာ တစ်ခုခုလုပ်သင့်နေပြီဆိုတာကို အချက်ပြနေတာ။ စိတ်ချမ်းသာစရာ ခံစားချက်တွေကျတော့ လုပ်သင့်လုပ်ထိုက်တာတစ်ခုကို လုပ်နိုင်လို့ ဆုပေးသလိုပဲ။ စိတ်ချမ်း သာတဲ့ အချိန်တွေဆို ခံစားချက်က ရိုးရိုးလေးရယ်၊ ဘာမှထပ်လုပ်စရာမလိုဘူး။ ဒါပေမဲ့အချိန်တန်တော့လည်း အရာအားလုံးလိုပဲ ဒီပျော်ရွှင်မှုက ပျောက်သွားမှာလေ။ အခက်အခဲသစ်တွေက လာဦးမှာ။

ခံစားချက်ဆိုတာ ကျွန်တော်တို့ဘဝရဲ့ အစိတ်အပိုင်းတစ်ခု၊ ညီမျှခြင်းရဲ့ အပိုင်းအစတစ်ခုလောက်ပဲ။ နောက်ဆုံးအဖြေတော့မဟုတ်ဘူး။ တစ်ခုခုက ကောင်းတဲ့ ခံစားချက်ပေးတာနဲ့ တကယ်ကြီးကောင်းနေတာ ဟုတ်ချင်မှဟုတ်မယ်။ ဆိုးဆိုးရွားရွား ခံစားရလို့လည်း တကယ် ဆိုးချင်မှ ဆိုးတာ။ ခံစားချက်တွေဟာ အချက်ပြမီးတွေ သက်သက်ပဲ။ (စာ - ၃၃ မှ)

---




| သက်တံ့တို့ဖြင့်ရက်ဖွဲ့ ချစ်သူရဲ့ခြုံလွှာ |
| --- |
| စာရေးသူ = ဂျူး |
| စာအုပ်တိုက် = ဂျူး စာပေ |
| တန်ဖိုး = ၄၅၀၀ ကျပ် |

ဆရာမဂျူးရဲ့ဝတ္ထုက ယဉ်ကျေးမှုလက်မှုအနုပညာလက်ရာတစ်ခုဖြစ်တဲ့ ယက်ကန်းအကြောင်းကို အခြေခံပြီး ဆရာမရဲ့ဟန်အတိုင်း ရေးဖွဲ့ထားတဲ့ ချစ်ခြင်းမေတ္တာဘွဲ့ပါပဲ။ မြသားယမုန်ခြုံလွှာ၊ မိုးစက်သက်တံခြုံလွှာ၊ ရွှေစပယ်ဖြူခြုံလွှာ စတဲ့ခြုံလွှာ သုံးထည်ကိုအခြေခံပြီး လွန်းဆက်၊ လွန်းမယ်၊ လွန်းမြတ်၊ မကြေးမုံ၊ နေရီဘုန်းကျော်၊ ဖြူဖြူလွင် တို့ရဲ့ ချစ်ခြင်းမေတ္တာတွေကို ခြုံလွှာလေးတွေယက်ထားတဲ့အတိုင်း စကားလုံးတွေနဲ့ ယက်ရှယ်သီဖောက်ရေးသားထားတာပါ။

ဒါပေမဲ့ အမျိုးသမီးတွေဟာ ဖြတ်သန်းခဲ့ကြတဲ့ခေတ်တွေမတူပါဘူး။ ခေတ်သုံးခေတ်ကို ကိုယ်စားပြုထားတဲ့ အမျိုးသမီးတွေပါ။ နေရာဒေသတွေလည်း မတူကြပြန်ပါဘူး။ အဲဒီတော့ အချိန်ကာလတွေကော နေရာဒေသ သတွေကော၊ ဇာတ်ကောင်တွေကိုပါ ဆရာမက ဝတ္ထုတစ်ပုဒ်ကို ယက်ကန်းခတ်သလို လွန်းထိုးယက်ရှယ် အကွက်ဖော်ရေးသားထားခဲ့ပါတယ်။ ဝတ္ထုရဲ့အသက်ဖြစ်တဲ့ ခြုံလွှာတစ်ခုစီတိုင်းမှာ ချစ်ခြင်းမေတ္တာဘွဲ့တစ်ပုဒ်စီ ရှိနေခဲ့ပါတယ်။

မြဝတီဆိုတဲ့ ရွာလေးက ဒေါ်လွန်းမယ်တို့ဆီမှာ မင်္ဂလာဦးညမှာ ခြုံရတဲ့မင်္ဂလာခြုံစောင်လေးတွေကိုခြုံရတဲ့ အယူလေးတွေရှိခဲ့ပါတယ်။ အဲဒီခြုံလွှာကိုအတူခြုံရင် လင်မယားနှစ်ယောက်ဒီဘဝမှာတင်မကဘဲ နောက်ဘဝတွေမှာပါ ပြန်လည်ပေါင်းဖက်ကြရတယ်ဆိုတဲ့ အယူအဆလေးပါ။ ရွှေစံပယ်ဖြူခြုံလွှာလေးဟာ ဒေါ်လွန်းမယ်ရဲ့ မင်္ဂလာခြုံလွှာလေးပါ။ မိုးစက်သက်တံခြုံလွှာလေးကတော့ ဒေါ်လွန်းဆက်ရဲ့ခြုံလွှာလေးပါ။ မြသားယမုန်ခြုံလွှာလေးကတော့ ဒေါ်လွန်းမြတ်ရဲ့ ခြုံလွှာလေးပါ။ ထူးခြားတာက သူတို့သုံးယောက်လုံး တစ်ယောက်မှ သူတို့ချစ်သူတွေနဲ့အတူ မင်္ဂလာခြုံလွှာလေးကို အတူမခြုံခဲ့ရတာပါပဲ။

ဒီစောင်လေးတွေကို ဒီဘဝမှာအတူခြုံပြီး သေလွန်သွားတဲ့အခါမှာ နှစ်ပိုင်းဖြတ်ပြီး တစ်ယောက်တစ်ပိုင်းစီ ခြုံပေးလိုက်ရင် နောက်ဘဝမှာလည်း အတူပြန်ဆုံကြရမယ်ဆိုတဲ့ ချစ်စရာအယူဓလေ့လေးကလည်း ရှိပါတယ်။ ဒီဝတ္ထုထဲမှာ ပေါင်းကြရတဲ့အချစ်ထက် မပေါင်းကြရသူတွေရဲ့ အချစ်ကပိုပြီး ပေါ်လွင်နေခဲ့ပါတယ်။ ဒါကြောင့်လည်း ဆရာမက ဒီကဗျာလေးကို ထည့်သွင်းထားတာဖြစ်ပါလိမ့်မယ်။

"အချို့အတွက်တော့ အချစ်သည် ခြုံလွှာတစ်စလို ပါးလျ သို့စဉ်လျက်ပိတ်ဆီး နီးနေလည်းဝေးသည်သို့ လှမ်းနေလည်း ရောက်နိုင်ခဲဘိခြင်းလတစ်စင်းနဲ့အပြိုင်"တဲ့။

# ကဗျာ ကဏ္ဍ

## ဒီလိုနဲ့ ငြိမ်းချမ်းရေးဟာ

ဘင်ဂျာမင်ဖရန်ကလင်က ပြောတယ်
ကောင်းသောစစ်ပွဲ မရှိသလို၊
ဆိုးသောငြိမ်းချမ်းရေးလည်း မရှိပါ. . . တဲ့ ။

ဒီလိုနဲ့ ...
ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး
စတင်ကြောင်း ကြေညာအပ်ပါသည်ခင်ဗျာ ... ။

ရှိ ပလောက် xxx ပလောက် xxx ဖောက် xxx ဒိုင်း xxx
ဒက်ဒက် xxx ဒုန်း xxx ဒက်ဒက် xxx ဝုန်း xxx ဒက်ဒက်
xxx ခြိမ်း xxx
ဒက်ဒက် xxx ဒိုင်း xxx ဒက်ဒက် xxx ဒိုင်း xxx
သွေးသံရဲရဲ
တိုက်ပွဲသံက မစဲ
ပြေးကြ
လွှားကြ
ကမ္ဘာပျက်ကြ။

ဒီလိုနဲ့. . .
ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး
အောင်မြင်စွာပြီးဆုံးကြောင်း
ကြေညာအပ်ပါသည်ခင်ဗျာ. . . ။


အဲလ်ဘတ်အိုင်စတိုင်းက ပြောတယ်
ငြိမ်းချမ်းရေးကို အင်အားသုံးဖန်တီးလို့မရဘူး၊
နားလည်မှုရှိမှပဲ ရနိုင်မယ်. . . တဲ့ ။

ဒီလိုနဲ့
ဒီလိုနဲ့
ဒီလိုနဲ့ပဲ
ငြိမ်းချမ်းရေးဟာ
သူတို့ပြန်ကြလေပြီနဲ့ အဆုံးသတ်ရမှာလားပေါ့။ ။

ဝဇီရာဒီဖိုး



**သားသား၊မီးမီးလေးတွေ အရပ်ပုနေမှာကို စိုးရိမ်နေတယ်ဆိုရင်တော့ ဒီအစားအသောက်တွေကိုသာ ပုံမှန်လေး ကျွေးမွေးပေးလိုက်ပါ။ ကလေးငယ်တွေ အရပ်ရှည်ဖို့အတွက် Super Food လို့ သတ်မှတ်ထားတဲ့ အစားအစာတွေက ကလေးတွေရဲ့အရပ်ကို မြင့်မားလာစေပြီး အခြားသော ကျန်းမာရေးပြဿနာတွေကိုလည်း ဖြေရှင်းပေးနိုင်ပါတယ်။ ဖော်ပြပါ အစားအသောက် (၇)မျိုးကတော့ ကလေးငယ်တွေ အရပ်ရှည်လာစေဖို့နဲ့ သန်စွမ်းစေဖို့အတွက် အကောင်းဆုံးလို့ သတ်မှတ်ထားတဲ့ အစားအစာတွေဖြစ်ပါတယ်။**



**၁။ ကြက်ဥ**

ပရိုတင်းဓာတ် အများအပြားပါဝင်တဲ့ ကြက်ဥဟာ ကလေးငယ်တွေကို အရပ်ရှည်ဖို့အတွက် အထောက်အကူ ပြုပါတယ်။ ဒါကြောင့်မို့လို့ ကလေးတွေကို တစ်နေ့မှာ အနည်းဆုံး ကြက်ဥ (၁)လုံးတော့ ကျွေးပေးသင့်ပါတယ်။ ပြုတ်ပြီးတော့ပဲဖြစ်ဖြစ်၊ Omelet လုပ်ပြီးတော့ပဲဖြစ်ဖြစ် မနက်စာအဖြစ် ကျွေးသင့်ပြီး နေ့စဉ်လိုအပ်တဲ့ ပရိုတင်းဓာတ်တွေကို ရရှိစေပါလိမ့်မယ်။




**၂။ နို့**

ကယ်လ်ဆီယမ်ပြည့်ဝတဲ့ နို့ကတော့ အရိုးတွေကို သန်စွမ်းကျန်းမာစေပြီး ကြံ့ခိုင်စေပါတယ်။ နို့မှာ ပရိုတင်းလည်း ပါဝင်နေပြီးတော့ ကလေးငယ်လေးတွေ အရပ်ရှည်လာစေဖို့အတွက်တော့ အကောင်းဆုံးအစားအစာတစ်မျိုး ဖြစ်ပါတယ်။



**၃။ ပဲ**

ပဲမှာလည်းပရိုတင်းဓာတ်ပြည့်ဝစွာပါဝင်ပြီးကြွက်သား၊အရိုးတွေကို ပိုမိုသန်မာစေပါတယ်။ ပဲကို အမျိုးမျိုးသော နည်းလမ်းနဲ့ ချက်ပြုတ်လို့ရပြီး ကလေးငယ်တွေ ကြီးထွားမှုအတွက် အံ့သြဖွယ်ရာ အစားအစာတစ်မျိုးအဖြစ် လက်ခံထားကြပါတယ်။



**၄။ အုတ်ဂျုံမုန့်**

တခြားသော အစားအစာထက် ပိုမိုထူးကဲတဲ့ အာနိသင်ရှိတယ်လို့ အုတ်ဂျုံမုန့်ကို ညွှန်းဆိုကြပါတယ်။ အုတ်ဂျုံမုန့်စားသုံးစေခြင်းဖြင့် ကလေးတွေကို ပုံမှန်ကြီးထွားမှုနှုန်း တိုးတက်အောင် ကူညီပေးနိုင်ပါတယ်။



**၅။ ကြက်သား**

ကလေးလေးတွေ အကြိုက်တွေ့မှာပါ။ ကြက်ကင်ဆိုင်၊ ကြက်ကြော်ဆိုင်တွေရှေ့ဆို အမြဲလက်ညှိုးထိုးပြီး စားချင်တယ် ပူဆာနေတာမို့ ကျွေးရတာ မခက်ခဲတော့ပါဘူး။ အသားဓာတ်ပြည့်ဝလုံလောက်စွာ ရရှိစေတာမို့ ကြက်သားကျွေးပေးဖို့လည်း လိုအပ်ပါတယ်။



**၆။ သစ်သီးဝလံများ**

ကလေးတွေရဲ့ ကျန်းမာရေးနဲ့ သန်စွမ်းမှုအတွက် သစ်သီးဝလံတွေဟာ အရေးကြီးတဲ့ အစားအစာဖြစ်ကြောင်း အားလုံးသိပြီးသားပါ။ ဗီတာမင်အေကြွယ်ဝစွာ ပါဝင်တဲ့ သရက်သီး၊ မက်မွန်သီးတို့က ကလေးငယ်တွေ အရပ်ရှည်လာစေဖို့ ကူညီပေးပြီး အရိုးတွေသန်မာအောင်လည်း ထောက်ပံ့ပေးနိုင်ပါတယ်။



**၇။ ဒိန်ချဉ်**

ဗီတာမင်ဒီနဲ့ ကယ်လ်စီယမ်ပေါကြွယ်ဝတဲ့ ဒိန်ချဉ်က ကလေးတွေ ကြီးထွားမှုကို ကူညီပေးတဲ့ မရှိမဖြစ်လိုအပ်တဲ့ အစားအသောက် ဖြစ်ပါတယ်။ တကယ်လို့များ ကလေးငယ်တွေက ဒိန်ချဉ်ကိုမနှစ်သက်ရင် ဒိန်ချဉ်အစား ချိစ်ကို အခြားအစားအသောက်တွေနဲ့ ရောနှောပြီး ကျွေးမွေးနိုင်ပါတယ်။

Duwun.com

## Movie View


**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၃ - ၈ - ၂၀၁၈ မှ ၉ - ၈ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ နာရီ၊ ၇ နာရီခွဲစသည့် ပွဲချိန်တွင် -
**ဇာတိမြေ**

မြန်မာရုပ်ရှင်ကို ညနေပိုင်း ၃ နာရီခွဲပွဲချိန်တွင် -
**ကာဗွန်ဒိုင်အောက်ဆိုဒ် (CO2)**




**အသုံးဝင်သော ဖုန်းနံပါတ်များ**

| | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(ဩဂုတ် ၆ ၊ ၂၀၁၈)

# မြစ်ကြီးနားပညာရေးကောလိပ်တွင် သင်တန်းသားသစ်များခေါ်




မြစ်ကြီးနား၊ ဩဂုတ်၂

မြစ်ကြီးနား ပညာရေးကောလိပ်တွင် နှစ်စဉ်ခေါ်ယူနေကျဖြစ်သော D.T.Ed သင်တန်းအမှတ်စဉ် (၂၃/၂၀၁၈) အတွက် သင်တန်းသားသစ်များ ခေါ်ယူနေကြောင်း သိရသည်။

ဝင်ခွင့်လျှောက်လွှာများကို မြစ်ကြီးနားပညာရေးကောလိပ်တွင်ဩဂုတ်လ ၁ ရက်နေ့မှစ၍ ရုံးချိန်အတွင်း တိုက်ရိုက်ထုတ်ယူနိုင်ကြောင်းသိရပြီးလျှောက်ထားလိုသူများသည် ၂၀၁၇-၁၈ ခုနှစ်ပညာသင် နှစ်တွင် ကချင်ပြည်နယ်အတွင်းရှိ စာစစ်ဌာနတစ်ခုခုမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ၊ လာမည့်ဒီဇင်ဘာလ ၁ ရက်နေ့တွင် အသက် ၂၂ နှစ်ထက်မကြီးသူများဖြစ်ရန် လိုအပ်ကြောင်း သိရသည်။

D.T.Ed (Diploma in Teacher Education)သင်တန်းကာလမှာ ၂ နှစ် တက်ရောက်ရမည်ဖြစ်ပြီး ယခုလက်ရှိအနေဖြင့် ပထမနှစ်တွင် ၃၃၀ ဦး၊ ဒုတိယနှစ်တွင် ၂၆၆ ဦးတက်ရောက်သင်ယူလျက်ရှိကြောင်း မြစ်ကြီးနားပညာရေးကောလိပ်၊ သချာ်စာပေဌာနမှ ကထိက ဒေါ်ဇိန်ထုန်းဘောက်နူးထံမှ သိရသည်။

အဆိုပါလျှောက်လွှာများကို ဩဂုတ်လ ၃၁ ရက်နေ့ နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကာ ထိုရက်ထက်ကျော်လွန်ပါကထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက ပညာရေးကောလိပ်တွင် လာရောက်စုံစမ်းနိုင်ကြောင်း မြစ်ကြီးနားပညာရေးကောလိပ်တွင် ကြေညာထားသည်။

မြစ်ကြီးနား ပညာရေးကောလိပ်တွင် ပုံမှန်နှစ်နှစ်သင်တန်းအပြင် ဘွဲ့ရများတက်ရောက်နိုင်သည့် PPTT (Post Service Primary Teacher Training) လေးလသင်တန်းနှင့် နွေရာသီတွင် တစ်လကြာဖွင့်လှစ်သော မူလတန်း စာပေးစာယူဆရာအတတ်သင်(မဆရ) သင်တန်းများလည်း ဖွင့်လှစ်ပို့ချလျက်ရှိရာ ထိုကျောင်းမှ နှစ်စဉ်ကျောင်းဆရာအယောက် ၂၀၀ ကျော်ခန့် မွေးထုတ်ပေးနေကြောင်း ဒေါ်ဇိန်ထုန်းဘောက်နူးက ပြောကြားသည်။

Ann / Benadeth

# စိန်တစ်လုံးသရက်သီး စိုက်ပျိုးနည်း ကွင်းဆင်းပို့ချ

ဩဂုတ် ၂

ပြည်နယ်အတွင်းမှ တောင်သူများ အဆင်မြင့်နည်းပညာသစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရန် မြန်မာသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း (ကချင်ပြည်နယ်)က အခမဲ့သင်တန်းများသင် ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဓိကသစ်သီးဝလံဖြစ်သည့် စိန်တစ်လုံးသရက်သီး စိုက်ပျိုးနည်းများကို လက်တွေ့ကွင်းဆင်းဆောင်ရွက်နေကြပြီး စိတ်ပါဝင်စားသည့် တောင်သူများအနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း အသင်းဥက္ကဋ္ဌဦးဖုန်းဝေက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အန်ကယ်တို့ အသင်းက နေပြီးတော့မှ အမှန်တကယ်မျိုးပွားတဲ့စနစ်ပေါ့နော်။ ခြံပိုင်ရှင်တွေ၊စိုက်ပျိုးရေးကိုစိတ်ဝင်စားတဲ့ တောင်သူတွေကို သင်တန်းတွေ လုပ်ပေးသွားမှာပါ" ဟုလည်း ဦးဖုန်းဝေက ပြောသည်။

စိန်တစ်လုံး စိုက်ပျိုးနည်းအပြင် အခြားသစ်သီးများ၏ ကိုင်းဆက်ပွားနည်း၊ ကိုင်းကူးစိုက်ပျိုးနည်း၊ မြေဆီမြေဩဇာ အသုံးပြုပုံအစရှိသည့် နည်းပညာများကို ပြန်လည်မျှဝေပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ဆရာတို့အနေနဲ့က ဒီသွင်းကုန်၊ ထုတ်ကုန်တွေကိုအရည်အသွေးမြင့်အောင် လုပ်ပြီးတော့ ဒီမှာ သီးနှံဈေးကွက်တွေ ခိုင်မာလာအောင်လုပ်မယ်။ ကချင်ပြည်နယ်ရဲ့ ရာသီဥတုအပေါ်မှာ ဒဏ်ခံနိုင်တဲ့ အသီးမျိုးတွေကို ပိုပြီးဦးစားပေးသွားမှာပါ"ဟုလည်း အဖွဲ့ဝင် ဦးမင်းနောင်က ရှင်းပြသည်။

အထက်ပါအသင်းကို ယခုနှစ်မတ်လတွင်စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဇူလိုင်လ ၂၈ ရက်နေ့က စိန်တစ်လုံးသရက် စိုက်ပျိုးနည်း လက်တွေ့နည်းပညာကို မြစ်ကြီးနားမြို့၊ကြာရာပတ္တီးရပ်ကွက် ဦးဘရန်မွန်း၏ သရက်ခြံတွင် ပြုလုပ်ခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# မြစ်ဆုံဒေသရောက် စစ်ရှောင်ကျောင်းသားများအတွက် ယာယီကျောင်းဆောင် ဆောက်လုပ်လှူဒါန်းမည့် အလှူရှင်လိုအပ်ဟုဆို

မြစ်ကြီးနား၊ ဩဂုတ် ၁

မြစ်ဆုံဒေသ တန်ဖရဲကျေးရွာ စစ်ဘေးရှောင်စခန်းတွင် ယာယီကျောင်းဆောင် ဆောက်လုပ်လှူဒါန်းမည့် အလှူရှင်များ လိုအပ်နေသည်ဟု ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။



ထိုစစ်ရှောင်စခန်းတွင် KG မှ ဆဋ္ဌမတန်းအထိ စုစုပေါင်း ကျောင်းသား ၃၁၁ ဦးရှိပြီး ထိုကျောင်း သားများကို ဆရာ/မ ၁၀ ဦးဖြင့် သင်ကြားပေးနေကြောင်း၊ လတ်တလောအခြေအနေအရ အစိုးရအနေဖြင့် ၎င်းတို့အတွက် ကျောင်းဆောင်များ ဆောက်လုပ်ပေးနိုင်ခြင်းမရှိသေး၍ ကျောင်းဆောက်လုပ်လှူဒါန်းမည့် အလှူရှင်များလိုအပ်နေခြင်းဖြစ်ကြောင်းပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဦးမင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ယာယီကျောင်းဆောင်နဲ့ ပတ်သက်ပြီးမြေကွက်ကတော့ ရှာထားပြီးသားပါ။ အဓိကလိုအပ်တာကတော့ သံ၊ တိုင်၊ ဝါး လိုမယ်။ ဘာမှ အကုန်ကာစရာမလိုဘူး။ ခါးလယ်လောက်ထရံကာ၊ ပေ ၈၀×၃၀ အခန်း လေးခန်းတွဲဆိုရင်တော့အဆင်ပြေတယ်"ဟု ဦးမင်းဦးက ပြောသည်။

ကျောင်းဆောင် မလုံလောက်မှုကြောင့် ထိုမြစ်ဆုံ - တန်ဖရဲကျေးရွာရှိ ဒေသခံတစ်ဦး၏နေအိမ်တွင် အခန်းငှားပြီး စာသင်နေကြရသည့်အပြင် ပဉ္စမတန်းကျောင်းသားများကို ညနေပိုင်းတွင် သင်ကြားပြီး KG အတန်းကို နံနက်ပိုင်းတွင် အချိန်ခွဲသင်ကြားနေရသည်ဟု ကောင်းကင်ဘုံဘုရင်မကက်သလစ်ဘုရားကျောင်းမှ ကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာစတီဗင်ဆွပ်မားဆွတ်အောင်က ပြောသည်။

"အဲဒါတွေနဲ့ ပတ်သက်ပြီး အစိုးရဘက်ကနေ ကူညီပေးတာတော့ ဘာမှမရှိဘူး။ ဒီအသင်းတော်ကနေ ဖြစ်သလိုကြည့်ပေးနေရတယ်။ ပညာရေးဘက်ကနေ ယာယီကျောင်းဆောင် ဆောက်လုပ်ပေးတာလည်းမရှိဘူး။ အစကတော့ ယာယီကျောင်းဆောင် ဒီနေရာမှာ လာဆောက်ပေးမယ်လို့တော့ ပြောထားတာတော့ ဟုတ်တယ်။ ဒါပေမယ့် ကျွန်တော်တို့က ကျောင်းဆောက်ဖို့ မြေနေရာတွေမှာလည်း ခြုံတွေရှင်းထားပြီ။ ဒီလိုရှင်းတာကလည်း သူတို့ပဲ ဒီနေရာမှာ ယာယီကျောင်းဆောက်ပေးမယ်လို့ ပြောထားလို့ လုပ်ရတာပဲ။ ဒါပေမယ့် သူတို့အနေနဲ့က လာဆောက်ပေးတာတော့မရှိဘူး"ဟု ဖာသာက ပြောကြားသည်။

ထိုနေရာတွင် ပေ ၈၀ × ၃၀ ယာယီကျောင်းဆောင် တည်ဆောက်ရန်အတွက်ကျပ်သိန်းနှစ်ဆယ်ခန့် ကုန်ကျနိုင်သည်ဟု မြစ်ကြီးနားမြို့မှ ဆောက်လုပ်ရေးပညာရှင်တစ်ဦးက ခန့်မှန်းပြောဆိုထားပြီး လတ်တလောတွင် ယင်းဒေသ၌ ကျောင်းဆောင်အပြင် စာသင်ခုံများလည်း အရေးပေါ်လိုအပ်နေသည်ဟု သိရသည်။

Benadeth/Ann

# ဆဒုံး–ဆဂါပါလမ်းလတ်တလောမခင်းနိုင်သေးဟုဒုဝန်ကြီးပြော

မြစ်ကြီးနား၊ ဩဂုတ် ၃

နယ်မြေ မတည်ငြိမ်မှုကြောင့် ဆဒုံး-ဆဂါပါ လမ်းခင်းလုပ်ငန်း လတ်တလောလုပ်ဆောင်နိုင်ခြင်း မရှိသေးကြောင်းဒုတိယအကြိမ်ကျင်းပသော အမျိုးသားလွှတ်တော်နဝမပုံမှန်အစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ် သန်းထွန်းက ပြောကြားခဲ့သည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင်က "ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆဒုံး-ဆဂါပါ ကျောက်ခင်းလမ်း ၃ မိုင်ကို ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ-မရှိမေးမြန်းချက်ကို ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့ခြင်း ဖြစ်သည်။



"မိမိ၏ မဲဆန္ဒနယ်ဖြစ်သော ကချင်ပြည်နယ်ဝိုင်းမော်မြို့နယ်အတွင်းရှိ နယ်စပ်မြို့ဖြစ်သော ဆဒုံးမြို့သည်တောင်ပေါ်ဒေသဖြစ်၍ ဆက်စပ်ကျေးရွာများနှင့် ဆက်သွယ်သွားလာရာတွင် လမ်းပန်းဆက်သွယ်ရေးများစွာ ခက်ခဲလျက်ရှိပါသည်။ ဆဒုံးမြို့နှင့် ဆဂါပါကျေးရွာတွင် ခန့်မှန်း ၃ မိုင်ခန့်ကွာဝေး၍ တောင်ကြားမြေပြန့်တွင် တည်ရှိပြီး လမ်းအရှေ့မှာ ကျောက်ခင်းလမ်းရှိပါတယ်။ တောင်ပေါ်မိုးများဒေသဖြစ်၍ သေခံပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းများ သွားလာရခက်ခဲတဲ့အခြေအနေမှာ လမ်းအဆင့်မြင့်တင်ပေးဖို့ လိုလားပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင်က တင်ပြခဲ့သည်။

အဆိုပါလမ်းသည် ဆဒုံမြို့အမှတ် ၄ ရပ်ကွက်မှ ဆဂါပါကျေးရွာ ချောင်းကူးတံတားအထိ ဆက်သွယ်ထားသောလမ်းဖြစ်ပြီး တစ်နေ့လျှင်မော်တော်ယာဉ် ၁၀ စီးခန့် အသုံးပြုဖြတ်သန်းအသုံးပြုကြောင်း သိရသည်။

ယင်းဒေသသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အခြေပြုရာနယ်မြေနှင့် နီးကပ်စွာ တည်ရှိနေသောကြောင့် အဆိုပါလမ်းဖောက်လုပ်ရေးကို နယ်မြေလုံခြုံရေးအခြေအနေအရ လတ်တလောဆောင်ရွက်ရန် မသင့်သေးကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့်အချိန်မှသာ စဉ်းစားဆောင်ရွက်သင့်ကြောင်းလည်း ဒုဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၏ ဖြေဆိုချက်တွင် ပါဝင်သည်။

ဆန်လတ်

# မတရားအသင်းဆက်သွယ်မှုပုဒ်မဖြင့် ဖမ်းဆီးခံထားရသော ဆရာမင်းဆိုင်းအမှု ၁၀ကြိမ်မြောက်ရုံးထုတ်စစ်ဆေး

ဩဂုတ် ၂

ပူတာအိုမြို့မှ မတရားအသင်းဆက်သွယ်မှုပုဒ်မ ၁၇(၁) ဖြင့် တရားစွဲဆိုခံထားရသူ ဆရာမင်းဆိုင်း တိုင်ကြားသည့် တရားလိုပြ သက်သေနှစ်ဦး၏ ထွက်ဆိုချက်မှာ တိကျခိုင်လုံသည့်ထွက်ဆိုချက်မျိုး တစ်ခုမှ မရှိကြောင်း ၎င်း၏ဇနီးဖြစ်သူကမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဇူလိုင် ၃၀ ရက်နေ့က မချမ်းဘောမြို့နယ် တရားရုံးတွင် ဆရာမင်းဆိုင်းအား ၁၀ ကြိမ်မြောက် ရုံးထုတ်စစ်ဆေးခဲ့ပြီး ယင်းနေ့တွင် တရားလိုပြ သက်သေ ၂ ဦးကိုလည်း စစ်ဆေးခဲ့သည်။

"အခုထွက်ဆိုတာအားလုံးက ကျွန်တော်တို့ထင်တာပါ။ ကျွန်တော်တို့ တစ်ဆင့်ကြားတာပါ တစ်ယောက်မှမမြင်ပါဘူးဆိုပြီး သက်သေတွေက ထွက်ဆိုထားတာပါ အဲ့အခါကြတော့ ကျွန်မတို့ဘက်က လူတစ်ယောက်ကို ဒီလိုအထင်နဲ့ လုပ်တယ်ဆိုကတည်းက သူတို့ အရည်အချင်း အဆင့်အတန်းဘယ်လောက်ရှိတယ်ဆိုတာဖော်ပြတာပါ"ဟု ဆရာမင်းဆိုင်း၏ ဇနီးဖြစ်သူကျောင်းဆရာမဆိုင်းမွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

တရားလိုသက်သေတို့မှာ ဦးဆာဝမ်ဖုန်နှင့် ၂၀၁၃ ခုနှစ်က အင်ခါဂါးတွင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် ပါဝင်ခဲ့သူ ခလရ(၁၃၇) မှ ဒုတပ်ကြပ်မြင့်ဌေးတို့ဖြစ်ကြောင်းလည်း ၎င်းမှ သိရသည်။

ဆရာမင်းဆိုင်းသည် ၂၀၁၃ ခုနှစ် အင်ခါးဂါးတိုက်ပွဲတွင် ဗိုလ်ကြီးဇော်မျိုးထက်သေဆုံးသူ၏အမှုနှင့်ပတ်သက်ပြီး တစ်နှစ်နီးပါး ထွက်ပြေးတိမ်းရှောင်သွားခဲ့သူဖြစ်သည်ဟု တရားလို သက်သေဦးဆာဝမ်ဖုန်းက ဝန်ကြီးချုပ်ထံ စာတင်ထားသည်ဟု ၎င်း၏ဇနီးဖြစ်သူက ပြောသည်။

"အဲ့နေ့မှာ ဆရာမင်းဆိုင်းကို တိုင်ချက်ဖွင့်ထားတဲ့တရားလိုသက်သေ ၂ ဦးကို စစ်ဆေးတယ်။ ဦးဆာဝမ်ဖုန်ကို စစ်ဆေးတော့ အဲ့မှာသူကကြတော့ မချမ်းဘောအရှေ့ခြမ်းသမိုင်း ဦးလဘန်းဖုန်ဆာရ်းရေးထားတဲ့စာအုပ်ကို ကိုးကားပြီးရေးထားတာ ဦးမင်းဆိုင်းအကြောင်းလည်း ဘာမှမသိဘူး။ ဘယ်မှာနေတယ်ဆိုတာလည်း မသိဘူး။ အဲ့စာအုပ်ကိုကိုးကားပြီးရေးထားတယ်ဆိုပြီး စကားတစ်ခုကို ဖြစ်သလိုပြောသွားတယ်။ ထွက်ဆိုထားတာက ဒီစာရေးတဲ့တဲ့အတွက် ကိုလဘန်းဖုန်ဆာရန်းရဲ့ Facebook အကောင့်မှာရေးထားတဲ့ စာသားကို ကိုးကားတယ်လို့ ပြောတယ်။ တပ်ကြပ်ကတော့ သူကကြတော့လည်း ဦးမင်းဆိုင်း ၁၇(၁)နဲ့ညီစွန်းတယ်။ တိုက်ပွဲတုန်းက သတင်းပေးသူလို့ ယူဆရတယ်ဆိုပြီးမှ ပြောတယ် အဲ့အခါ သူတို့ဘက်က ဥပဒေအရာရှိက ပြန်မေးတယ်။ အဲ့ဒါကို ဆရာကိုယ်တိုင်မြင်တာလား တွေ့ခဲ့တာလားမေးတာ ကျွန်တော်ထင်တာကို ပြောတာပါလို့ ပြန်ပြောသွားတယ်ဆိုပြီးထွက်ဆိုသွားပါတယ်" ဟု ဆရာမဆိုင်းမွန်းက ပြောသည်။

၂၀၁၃ ခုနှစ်က မချမ်းဘောမြို့နယ်ရှိ အင်ခါကားကျေးရွာတွင် တိုက်ပွဲဖြစ်ပွားချိန်တွင် ကေအိုင်အေတို့ သတင်းပေးလုပ်ခဲ့သူဟုဆိုကာ မချမ်းဘောအခြေစိုက် ခလန ၁၃၇ မှ ဗိုလ်ကြီးသက်ထွန်းအောင်က တရားလို အမှုဖွင့်စွဲဆိုခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

၎င်းသည် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် အစ်ကိုဖြစ်သူ၏ အိမ်သစ်တက်ဆုတောင်းပွဲတို့ သွားရောက်ခဲ့ပြီး တိုက်ပွဲများဖြစ်ပွားလာသောကြောင့် ပြန်လည်ထွက်ပြေးလာခဲ့သည်ဟု ဇနီးဖြစ်သူက ထပ်မံရှင်းပြသည်။

၎င်းအား ဧပြီလ ၅ ရက်နေ့က ပူတာအိုမြို့ရှိလက်ဖက်ရည်ဆိုင်တွင် ထိုင်နေစဉ် ပူတာအိုရဲတပ်ဖွဲ့က လာရောက်ကာ ဖမ်းဆီးသွားခဲ့ခြင်း ဖြစ်သည်။

ဆရာမင်းဆိုင်းသည် အရပ်ဘက်အဖွဲ့အစည်းတွင်ပြည်သူလူထုအတွက် အလုပ်လုပ်ကိုင်နေသူဖြစ်ပြီး ယခုကဲ့သို့ ၁၇(၁)နဲ့ ညီစွန်းနေပါကလည်း ပြည်သူများနဲ့ အလုပ်လုပ်ကိုင်နေမည်မဟုတ်ကြောင်း၊ ပြည်သူနှင့်အစိုးရကြား ပွင့်လင်းမြင်သာမှုအတွက် ပညာပေးလုပ်ဆောင်နေသူတစ်ဦး ဖြစ်သူအား ယခုကဲ့သို့ တရားစွဲဆိုထားမှုအပေါ် ဝမ်းနည်းမိကြောင်းလည်း ဇနီးဖြစ်သူ ကျောင်းဆရာမ ဒေါ်ဆိုင်းမွန်းက ပြောသည်။

ဆရာမင်းဆိုင်းသည် နမ်ရှရီလူမှုအဖွဲ့အစည်းတွင် လုပ်ကိုင်နေပြီး ပူတာအိုခရိုင်တာဝန်ခံတစ်ဦးလည်း ဖြစ်သည်။ ၎င်းအား ဩဂုတ်လ ၁၃ ရက်နေ့တွင် ထပ်မံရုံးချိန်းထားကြောင်းလည်း သိရသည်။

Salai







မြစ်ကြီးနားသတင်းဂျာနယ်
( ဩဂုတ် ၆ ၊ ၂၀၁၈ )

# ကျောင်းဆင်းချိန်မှာ သင်ကြားနေကြတဲ့ ကျူရှင်ယဉ်ကျေးမှု



**ဒီအပတ်မှာတော့ နိုင်ငံအတွင်းမှာရှိတဲ့ ပညာရေးစနစ်တွေထဲကမှ ပြဿနာတစ်ခုဖြစ်တဲ့ ကျောင်းဆင်းချိန်မှာ သင်ကြားနေကြတဲ့ ကျူရှင်ယဉ်ကျေးမှုအကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။ ကျူရှင်လို့ခေါ်တဲ့ပညာရေးဟာ ချစားမှုနဲ့ ဆက်နွယ်နေသလို နိုင်ငံရဲ့ ပညာရေးစနစ် မအောင်မြင်ခြင်းရဲ့ အစိတ်အပိုင်းတစ်ခုလည်းဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာတော့ ကျူရှင်ကိုအဆိုးဘက်က ရှုမြင်နေကြပါတယ်။**

တပ်မတော်မှာ ဗိုလ်ကြီးတစ်ဦးအဖြစ်နဲ့ ထမ်းဆောင်ခဲ့တဲ့ သူမရဲ့ခင်ပွန်းဖြစ်သူဟာ ၁၉၉၃ ခုနှစ်က ရဟတ်ယာဉ်ပျက်ကျပြီး သေဆုံးခဲ့ရပါတယ်။ အဲ့ဒီနောက် ဒေါ်ခင်စန်းစန်းဟာ ကချင်ပြည်နယ်၊ တနိုင်းမြို့ကနေပြီးတော့ ရန်ကုန်မြို့ကိုရွှေ့ပြောင်းခဲ့ပါတယ်။ သူမဟာ မြန်မာနိုင်ငံရဲ့ မြောက်ပိုင်းအကျဆုံး ကချင်ပြည်နယ်မှာ ကျောင်းဆရာမတစ်ဦး အဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ အဲ့ဒီဒေသမှာ သူမလိုဘဲ တာဝန်ထမ်းဆောင် နေကြတဲ့ တခြားဆရာမတွေဟာလည်း သူတို့ရဲ့ခင်ပွန်းသည်တွေကတော့ တပ်မတော်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေဖြစ်ကြပါတယ်။ တစ်ချိန်တည်းမှာပဲ သူတို့ရဲ့တပည့်တွေထဲမှာလည်း တချို့ကျောင်းသား၊ ကျောင်းသူတွေရဲ့ မိဘတွေဟာ ကေအိုင်အေမိသားစုဝင်တွေဖြစ်ကြပါတယ်။ ရန်ကုန်မြို့ကို ရွှေ့ပြောင်းလာပြီးနောက် ဒေါ်ခင်စန်းစန်းဟာ ငွေကြေးအခက်အခဲ ရှိခဲ့ပေမယ့် တခြားဆရာ၊ဆရာမတွေလို ပြင်ပမှာ ကျူရှင်သင်ကြားခြင်း အလုပ်ကို လုပ်ကိုင်ခဲ့ခြင်း မရှိပါဘူး။

"ကျင့်ဝတ်နဲ့မညီဘူးလို့ ယူဆတဲ့အတွက် ကျွန်မအနေနဲ့က အရင်ကတည်းက ကျူရှင်သင်ကြားတဲ့ဟာနဲ့ အသက်မွေးဝမ်းကျောင်း မလုပ်ခဲ့ဘူး။ ကျူရှင်အနေနဲ့လည်း ကိုယ်ဝင်ငွေမရှာခဲ့ဘူး။ ဒါပေမဲ့လည်း အဲ့တုန်းက အတူတူလုပ်ဖော်ကိုင်ဖက်ကနေကျတော့ ကျူရှင်သင်ကြတယ်။ ချမ်းလည်းချမ်းသာ လာကြတယ်။ အဆင့်မြင့်မြင့်နဲ့လည်း သူတို့နေရတယ်။ ခုထိလည်း ဆက်ပြီးသင်နေကြတယ်"

မြန်မာနိုင်ငံမှာ ကျောင်းဆရာ၊ ဆရာမတွေ ကျူရှင်ပြခြင်းကို အများအပြားမြင်တွေ့နေရပေမဲ့ အဲ့လိုသင်နေကြတာကို အဆိုးဘက်ကနေ ရှုမြင်ခံရလေ့ရှိပါတယ်။ အချိန်ပိုကျူရှင်ပြခြင်းဟာ မကောင်းမှန်းသိပေမဲ့လို့ လိုအပ်နေဆဲ အရာတစ်ခုလို့လည်း ရှုမြင်ကြပါတယ်။ ဒါပေမဲ့ ကျူရှင်သင်ကြားခြင်းက အကျင့်ပျက်ခြစားမှုတွေနဲ့ ပတ်သက်မှုတွေရှိနေတာပါ။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ပညာရေးစနစ် မအောင်မြင်ရခြင်းရဲ့ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်နေပါတယ်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကျူရှင်ယဉ်ကျေးမှုကို ကြိမ်ဖန်များစွာ ဝေဖန်ခဲ့ဖူးပါတယ်။ ကျောင်းသားတွေဟာပြဋ္ဌာန်းစာအုပ်တွေကို အလွတ်ကျက်ဖို့ ဖိအားတွေရှိနေတာကြောင့် ကျောင်းသင်ရိုးပြင်ပမှာ စာဖတ်ချိန်မရှိတော့ဘူးလို့ ၂၀၁၆၊ ဇန်နဝါရီလက ပြုလုပ်တဲ့ စာပေပွဲတော် တစ်ခုမှာ ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ဖူးပါတယ်။ ကျူရှင်သင်တဲ့ ဆရာ၊ဆရာမအများအပြားက ၁၉၈၄ ခုနှစ်က ပြဋ္ဌာန်းထားခဲ့တဲ့ ပုဂ္ဂလိကသင်တန်းကျောင်းဥပဒေကို မထီမဲ့မြင်ပြုနေကြတာပါ။ မြန်မာနိုင်ငံရဲ့ ကျူရှင်ယဉ်ကျေးမှုကို ဝေဖန်သူတစ်ဦးကတော့ ဒေါက်တာဘိုင်အို(Doctor Bio)လို့ လူသိများတဲ့ ဆရာဦးစိုးဝင်းဦးဖြစ်ပါတယ်။ ကျူရှင်ယဉ်ကျေးမှုက မြန်မာ့ပညာရေးနဲ့ လူငယ်များအပေါ် သက်ရောက်မှုကို စာသင်သက် ဆယ်စုနှစ်သုံးခုရှိတဲ့ ကျူတာတစ်ဦးအဖြစ် တိုက်ရိုက် မြင်တွေ့ခဲ့ရသူပါ။

"သက်ရောက်မှုကတော့ ကြီးတာပေါ့၊ အထူးသဖြင့် ရန်ကုန်လို မြို့ကြီးမှာ ပိုကြီးသွားတယ်။ ဘာတွေလဲဆိုရင် ကလေးတစ်ယောက် ကျောင်းကြို/ပို့ကားစီးတဲ့အချိန်ဟာအနည်းဆုံး သုံးနာရီလောက်ပြုန်းသွားတယ်။ အဲဒီအတွက် ကျူရှင်ကိုအိမ်မှာခေါ်မသင်နိုင်လို့ ကျူရှင်ရှိတဲ့ နေရာဆီသွားရဦးမယ်ဆိုရင် နောက်ထပ် နာရီတွေ ပြုန်းရဦးမယ်။ တစ်နေ့မှာ ကလေးတစ်ယောက်ဟာ လေးနာရီလောက် ယာဉ်ကြောပိတ်ဆို့မှုနဲ့လမ်းပေါ်မှာ အချိန်တွေ ကုန်နေပြီဆိုရင် ဒီကလေးတစ်ယောက်ရဲ့ အထွေထွေဖွံ့ဖြိုးမှုဟာ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ နိုင်ငံအတွက် ဆုံးရှုံးသွားတာပဲလေ။ ကျူရှင်သင်နေရတာဆိုတာက နိုင်ငံရဲ့အနုတ်လက္ခဏာဘဲ"

ကျောင်းချိန်ပြင်ပ ကျူရှင်ကြေးပေးရခြင်းကလည်း မိသားစုများစွာရဲ့ ငွေကြေးဝန်ထုပ်ဝန်ပိုး တစ်ခုဖြစ်စေပါတယ်။

ဇွန်လအစောပိုင်းက ဦးခင်ဇော်ဝင်းကို ရန်ကုန်မြို့ ဆင်ခြေဖုံးနေရာက ဆိုင်ကယ်ကယ်ရီဂိတ် တစ်ခုမှာ တွေ့ခဲ့ပါတယ်။ အဲ့ဒီနေ့မှာ သူက သူ့သမီး မနှင်းဝတ်ရည် ဆယ်တန်းကို ဂုဏ်ထူး(၄ဘာသာ)နဲ့အောင်တာကို အစောပိုင်းသိလိုက်ရတဲ့နောက် သူ့သူငယ်ချင်းတွေနဲ့ အောင်ပွဲခံဖို့ သောက်စရာတစ်ခုဝယ်နေခဲ့တာပါ။ ဦးခင်ဇော်ဝင်းနဲ့သူ့ဇနီးဟာ သူတို့သမီးတက်ချင်နေတဲ့ တက္ကသိုလ်ကို တက်ခွင့်ရဖို့အတွက်၊ စာမေးပွဲကို အမှတ်များများနဲ့အောင်ဖို့ ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ထမ်းခဲ့ရတာပါ။ ဦးခင်ဇော်ဝင်းဟာ ဆိုင်ကယ်ကယ်ရီ မောင်းသူတစ်ဦးဖြစ်ပြီးတစ်လကိုအများဆုံးကျပ်သုံးသိန်းလောက်ပဲ ဝင်ငွေရရှိပါတယ်။ ဒါပေမဲ့ ဒီဝင်ငွေရဲ့ သုံးပုံတစ်ပုံကို ကျူရှင်နဲ့ဂိုက်ကြေးတွေအတွက် သုံးခဲ့ရတာပါ။ ဒါပေမဲ့ ဒီလိုမျိုးမိဘတွေ နစ်နာခံပြီး ကြိုးစားခံတာက ထိုက်တန်မှုတစ်ခုတော့ ရခဲ့တယ်လို့ သမီးဖြစ်သူက ပြောပါတယ်။

"ကျူရှင်သာ မယူခဲ့ဘူးဆိုရင် သမီးအောင်ဖို့တောင်လွယ်မှာမဟုတ်ဘူး၊ ဂုဏ်ထူးတစ်ဘာသာဆိုတာလည်းထွက်မှာမဟုတ်ဘူး။ အခုတော့ဂုဏ်ထူး ၄ဘာသာ ပါတယ်ဆိုတော့ သမီးဖြစ်ချင်တဲ့ ဆောက်လုပ်ရေးပညာရှင်တစ်ယောက်ဖြစ်ဖို့ မျှော်မှန်းလို့ရတာပေါ့"

သို့သော်လည်း ကျောင်းချိန်ပြီးတာနဲ့ ကျောင်းသားတွေကို စာသင်ခန်းပြင်ပ လှုပ်ရှားမှုပါဝင် ခွင့်ပြုသင့်တယ်လို့ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍနဲ့ ပတ်သက်နေသူ အများအပြားက ပြောပါတယ်။ သာဓကတစ်ခုအနေနဲ့ ဆိုရင်တော့ ပြဋ္ဌာန်းချက်အရ မဖြစ်မနေပြောင်းလဲလိုက်တဲ့ ကေဂျီတန်း(KG)တွေမှာဖြစ်နေတဲ့ ပြဿနာလေးတစ်ခုကို ဖော်ပြချင်ပါတယ်။ မိဘတွေက အဲဒီကေဂျီတန်းတွေမှာ တက်နေကြတဲ့ ကလေးငယ်တွေကို ဘာကြောင့် အက္ခရာနဲ့ သချာ်တို့လို ဘာသာရပ်တွေမသင်ကြားသလဲလို့ မေးခွန်းတွေထုတ်ကြပါတယ်။ ဒီကေဂျီတန်းတွေထဲမှာ ကလေးတွေကို ပျော်အောင်ထားဖို့ပဲ ဖြစ်ပြီးတော့ ကျူရှင်သင်ကြားဖို့ကို ကလေးတွေကို ဖိအားပေးတဲ့ မိဘတွေကို ဝေဖန်ထားသူတစ်ဦးကတော့ အဆင့်မြင့်ပညာရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်းဖြစ်ပါတယ်။

"ကေဂျီတန်းမှာ စာလည်းမသင်ဘူး၊ စာမေးပွဲလည်း မလုပ်ဘူး။ အဆင့်လည်း မရှိဘူး၊ ပြီးရင် တစ်နှစ်ပြီးသွားရင် ပထမတန်းတက်သွားဘဲ။ ရှင်းရှင်းပြောရင် ဘာမှကျူရှင်တက်စရာမလိုဘူး။ ကလေးကို ပုံပြင်ပြောပြမယ်၊ ကမယ်ခုန်မယ်၊သီချင်းဆိုမယ် အဲ့ဒါတွေနဲ့သွားတာ။ အဲ့တာကို ဘာဖြစ်လဲဆိုတော့ ကျူရှင်ကို ပို့တယ်၊ ဆရာမက ကျူရှင်မလိုဘူး၊ ဘာမှမလိုဘူးပြောတယ်၊ မိဘက နှစ်ခါသုံးခါပြောတော့ ကျွန်တော်တို့ ဆရာမတွေက ပြိုလဲသွားတာပေါ့။ အဲ့ဒီတော့ မိဘတွေ၊ ပြည်သူတွေ၊ ကျောင်းသားတွေ အကုန်လုံးလိုတယ်ဗျ"

မြန်မာနိုင်ငံမှာ အမြစ်တွယ်နေတဲ့ ကျူရှင်စနစ်အပေါ် ဆရာဦးစိုးဝင်းဦးကတော့ အခုလို ထောက်ပြဝေဖန်ပါတယ်။

"ကျွန်တော်ကတော့ ပြတ်ပြတ်သားသားပဲပြောရရင် အခုရှိနေတဲ့ ကျူရှင်လောကကြီး မရှိတော့တဲ့အချိန် မြန်မာနိုင်ငံ ပညာရေး ကောင်းသွားလိမ့်မယ်"

မြစ်ကြီးနားသတင်းဂျာနယ်နဲ့ Frontier Myanmar တို့ ပူးပေါင်းတင်ဆက်ပြီး Myitkyina News Journal Facebook Page တွင် တင်ဆက်ခဲ့သော ဗီဒီယို ရေဒီယိုအစီအစဉ်ကို ပုံနှိပ်စာအဖြစ် ပြန်လည်ဖော်ပြလိုက်ပါသည်။

# တိုင်းရင်းသားသတင်းမီဒီယာ ကောလိပ်ကျောင်း ဖွင့်လှစ်ရန် အစီအစဉ်မရှိသေး

မြစ်ကြီးနား ၊ ဩဂုတ် ၂

ဩဂုတ်လ ၂ ရက်နေ့က ကျင်းပခဲ့သည့် နဝမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တိုင်းရင်းသားသတင်းမီဒီယာ ကောလိပ်ကျောင်းကို ဖွင့်လှစ်ဖို့ အစီအစဉ်မရှိသေးကြောင်း ပြန်ကြားရေးဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ရှင်းလင်းဖြေကြားခဲ့သည်။

ယင်း ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့ လွှတ်တော်ကိုယ်စားလှယ် ဦးလှစောက တိုင်းရင်းသားမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသား သတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိမရှိမေးခွန်းနှင့်စပ်လျဉ်းပြီး အစည်းအဝေးတွင် ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

"တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်)ဖွင့်လှစ်ခြင်းအား ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ခြင်းထက် လက်ရှိတွင် သတင်းစာအတတ်ပညာ စနစ်တကျသင်ကြားပို့ချလျက်ရှိသည့် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ခြင်းသည် ပိုမိုသင့်လျော်ကောင်းမွန်မည်ဖြစ်ပြီး ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်အပေါ် ပေါင်းစပ်ညှိနှိုင်းပံ့ပိုးကူညီပေးနိုင်မည်ဖြစ်ကြောင်း" ဒုတိယဝန်ကြီးဦးအောင်လှထွန်းက မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ တိုင်းရင်းသားမီဒီယာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုကို နိုင်ငံပိုင်မီဒီယာဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြားတွင် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းကို ၂၀၁၃ အောက်တိုဘာလ ၁၅ရက်နေ့မှစ၍ တိုင်းရင်းသားဘာသာ ၁၁ ဘာသာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ထုတ်လွှင့်ချိန် တစ်သမတ်တည်း မဖြစ်စေရေး ၄လတစ်ကြိမ် အကွာရာစဉ်အလိုက် ပြောင်းလဲထုတ်လွှင့်ပေးလျက်ရှိကြောင်း၊မြန်မာ့အသံရေဒီယို အစီအစဉ်အား တိုင်းရင်းသားဘာသာ ၁၇မျိုးဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

"တိုင်းရင်းသားမီဒီယာရေရှည်တည်တံ့ရေးဟာဖွံ့ဖြိုးမှုနောက်ကျတဲ့ တိုင်းရင်းသားဒေသတွေအတွက် အလွန်ကြီးမားတဲ့စိန်ခေါ်မှု ဖြစ်ပါတယ်။ မိမိတို့ရဲ့ဘာသာစကား စာပေယဉ်ကျေးမှု ပင်ပန်းကြီးစွာ ထိန်းသိမ်း တည်ဆောက်နေတာလည်းဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးဆိုပေမဲ့ ရေရှည်တည်တံ့ဖို့ အခက်အခဲအများကြီး ရှိပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းများဆီက ပံ့ပိုးကူညီမှုဟာ နေရာတိုင်းမှာ မကောင်းပါဘူး။ ကာလရှည်ကြာရင်ပိုပြီး တော့မကောင်းပါဘူး။ နိုင်ငံရေးရှုပ်ထွေးနေတဲ့ ကာလတွေမှာ စေတနာသန့်သန့်နဲ့ကူညီနေပါတယ်ဆိုပေမယ့် နိုင်ငံရေးအရ အသုံးချအမြတ်ထုတ်တာတွေ ဖြစ်ပေါ်နိုင်ပါတယ်။ တိုင်းရင်းသားတွေအတွက် တိုင်းရင်းသားတွေအတွက် ပုံနှိပ်မီဒီယာ သတင်းဂျာနယ်ထုတ်ဝေဖို့၊ အသံလွှင့်မီဒီယာ ဒေသန္တရအသံလွှင့်ရေဒီယိုလွှင့်ဖို့ဆိုတာငွေကြေးနဲ့ နည်းပညာအခက်အခဲရှိပါတယ်။ ရေဒီယိုဥပဒေကလည်းရှိနေပါသေးတယ်။ တိုင်းရင်းသားတွေအတွက် မီဒီယာဆိုတာကလည်း မရှိလို့မဖြစ်ပါ။ဗမာမီဒီယာ ရှမ်းမီဒီယာ အဆိုပါမီဒီယာတွေဟာပြည်ထောင်စုပန်းဥယျာဉ်ထဲမှာ ရောင်းစုံဖူးမြတ်သင့်မြတ်နေဖို့လိုပါတယ်။ ရှမ်းမီဒီယာနဲ့အတူ ပအိုဝ်ပလောင်မီဒီယာ ရခိုင်မီဒီယာနဲ့အတူ မြို ခမီး ဒိုင်နက်တက်မီဒီယာတွေ ဖူးပွင့်နေရပါမယ်။

အရည်အချင်းပြည့်ဝတဲ့ ပင်လုံစိတ်ဓာတ်လို ကိန်းအောင်နေတဲ့ မီဒီယာမျိုးဆက်သစ်တွေစနစ်တကျပေါ်ထွန်းလာဖို့လိုအပ်နေပါတယ်။ သူတို့ဟာ ဖက်ဒရယ်ခရီးသည်တွေ ဖက်ဒရယ်သားကောင်းရတနာတွေ ဖြစ်ပါလိမ့်မယ်။ နိုင်ငံတော်အနေဖြင့် အထူးသဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဒီကိစ္စကို ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ တာဝန်တစ်ရပ်အနေနဲ့ အလေးအနက်ထားဖို့ အကြံပေးလိုပါတယ်။တိုင်းရင်းမီဒီယာတွေကို ပံ့ပိုးကူညီဖို့ အဘက်ဘက်က လိုအပ်သလို ကူညီဖို့လိုပါတယ်။ ခေတ်မီတဲ့ကောလိပ် တိုင်းရင်းမီဒီယာ တစ်ခုဖွင့်လှစ်ဖို့လိုပါတယ်။ ဒီကောလိပ်ဟာ ပင်လုံခရီးရဲ့မှတ်တိုင်တစ်ခုဖြစ်ပါလိမ့်မယ်။ တိုင်းရင်းသားပေါင်းစုံလူငယ်တွေ ဒီကျောင်းအရိပ်မှာ ခင်မင်ပျော်ရွှင်စွာ ပညာသင်နေကြတာ ပြည်ထောင်စုရဲ့ ဂုဏ်သိက္ခာရှိတဲ့ပန်းချီကားတစ်ချပ် ဖြစ်ပါလိမ့်မယ်"ဟု မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစောက တင်ပြခဲ့သည်။

ပထမဦးဆုံးအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို မော်လမြိုင်မြို့မှာ ၂၀၁၃ ခုနှစ်က ကျင်းပခဲ့ကြောင်း၊ နှစ်စဉ် ချင်းပြည်နယ် ဟားခါး၊ ရှမ်းပြည်နယ်တောင်ကြီး ရခိုင်ပြည်နယ် မြောက်ဦး၊ ကယားပြည်နယ် လွိုင်ကော်တို့မှာ ကျင်းပခဲ့ပြီး ဆဋ္ဌမအကြိမ် ညီလာခံသည် ကရင်ပြည်နယ် ဘားအံတွင် ၂၀၁၈ ခုနှစ် ဧပြီ ၂၇-၂၈ က ကျင်းပခဲ့ကြောင်း၊၂၀၁၉လာမည့်ညီလာခံသည် ကချင်ပြည်နယ်မြစ်ကြီးနားမြို့၌ ကျင်းပမည်ဖြစ်ကြောင်း ဘားအံညီလာခံတွင် တိုင်းရင်းသားပေါင်းစုံ မီဒီယာသမားများ ပြည်တွင်းပြည်ပ မြန်မာ့မီဒီယာတွေ အလှူရှင်အဖွဲ့ ကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ကြပြီး ညီလာခံ၏သဘောတူဆောင်ပုဒ်သည် တိုင်းရင်းမီဒီယာရေရှည်တည်တံ့ရေးနှင့် မီဒီယာ အဆင့်မြှင့်တင်ရေးတို့ ဖြစ်ကြောင်း သိရသည်။

ပြန်ကြားဝန်ကြီးဌာန၏ ကိုယ်ပွားသတင်းစာတိုက်သည် မော်လမြိုင်၌မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာတို့ဖြင့် ၁-၈-၂၀၁၄ရက်နေ့မှစ၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ရောင်စုံစာမျက်နှာလေးမျက်နှာဖြင့် မြန်မာ့အလင်းနှင့်ကြေးမုံ သတင်းစာများတွင် ထည့်သွင်းထုတ်ဝေဖြန့်ချီပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားကဏ္ဍကချင်ဘာသာ အချပ်ပိုကို ၉-၉၂၀၁၇ရက်နေ့မှစ၍ တစ်ပတ်တစ်ကြိမ်စနေနေ့တိုင်း မန္တလေးကိုယ်ပွားသတင်းစာတိုက်၌ ပုံနှိပ်ပြီး ကချင်ပြည်နယ်အတွင်းဖြန့်ချိပေးလျက်ရှိကြောင်း၊ ရှိပြည်ရခိုင်ပုံရိပ်(ရခိုင်ဘာသာ) အချပ်ပို ၂၀-၉-၂၀၁၇ ရက်မှစ၍ ကိုယ်ပွားသတင်းစာတိုက် စစ်တွေတွင် ပုံနှိပ်ပြီး အပတ်စဉ်ကြာသပတေးနေ့တိုင်း ရခိုင်ပြည်နယ်တွင် ဖြန့်ဝေခြင်းတို့ လုပ်ဆောင်နေကြောင်း သိရသည်။

ဆန်လတ်

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒဂေါ်တံတား ကျိုးကျပျက်စီး

မြစ်ကြီးနားမြို့၊ဩဂုတ်၃



ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်တွင် ဇူလိုင်လ ၂၇ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒဂေါ်တံတားကျိုးကျပျက်စီးသွားခဲ့ပြီး ဒေသခံပြည်သူများအနေဖြင့် ယနေ့အချိန်အထိ သွားလာရခက်ခဲလျက်ရှိကြောင်း သိရသည်။

မိုးမောက်မြို့နယ်သည် လယ်ယာလုပ်ငန်းလုပ်ကိုင်သူအများအပြားရှိသဖြင့် လုပ်ငန်းလုပ်ကိုင်လိုပါက ယင်းတံတားမှသာ ဖြတ်သန်းသွားလာရသဖြင့် အချိန်မီမပြုပြင်ပါက စားဝတ်နေရေးအခက်အခဲ တွေ့နိုင်ကြောင်း ဒေသခံ ဦးလဖိုင်ဇော်တန်က ပြောသည်။

လက်ရှိအချိန်တွင် တံတားအား ဝါးများဖြင့် တုတ်နှောင်ကာ ခြေကျင်သွားလာရန်အတွက် အဆင်ပြေချောမွေ့အောင် လုပ်ဆောင်ပေးထားလျက်ရှိသည်ဟု ဒေသခံဦးလဖိုင်ဇော်တန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"တံတားက နည်းနည်းစိုးရိမ်ရတဲ့အခြေအနေရှိတယ်။ ရွာသားတွေက ဝါးနဲ့သွယ်တန်းပြီး ဖြတ်သန်းနေရတယ်။ မိုးရွာပြီး ရေပြန်ကြီးလာရင် စိုးရိမ်ရတဲ့ အနေအထားတော့ ရှိတယ်"ဟုဒေသခံ ဦးလဖိုင်ဇော်တန်ကပြောသည်။

ဒေသခံပြည်သူများအနေဖြင့် တံတားကြံ့ခိုင်မှုကို စိုးရိမ်ရသည့်အတွက်စက်လှေခရီးဖြင့် သွားလာနေရပြီး ဆိုင်ကယ်တစ်စီးလျှင် ၁၀၀၀ကျပ်၊ လူတစ်ဦးလျှင် ၅၀၀ ကျပ်နှုန်းဖြင့် သွားလာနေကြရသည်ဟုလည်း သိရသည်။

"နေ့နဲ့ည ဒဂေါ်ဘက်သွားတဲ့သူတွေက ဖြတ်သန်းနေရတယ်။ အဲ့ဘက်မှာနေတဲ့သူတွေက စစ်ရှောင်ပြည်သူတွေများတယ်။မိုးမောက်ဘက်သွားတဲ့သူတွေက ရေကြီးရင် အလုပ်လာမလုပ်တော့ဘူး။ လုံးဝဖြတ်လို့ မရတဲ့နေရာကတော့ နန်ဆိုင်းကျေးရွာဘက်သွားတဲ့ရေကတော့တော်တော်ကြီးတယ်။ အဲ့နေရာကတံတားမရှိရင် ဖြတ်လို့မရနိုင်တော့တဲ့အခြေအနေ ဟုတ်တယ်"ဟုဒေသခံဦးဆိုင်းလကပြောသည်။

မိုးရွာသွန်းမှုကြောင့် ဒဂေါ်တံတားအပြင် မိုးမောက်မြို့နယ်ရှိ တံတားသုံးစင်းပျက်စီးသွားခဲ့ပြီး အိမ်ခြေ ၁၅ အိမ်ခန့်နစ်မြုပ်ပျက်ဆီးသွားခဲ့သည်ဟုလည်း သိရသည်။

ဒဂေါ်တံတားသည် သံကူကွန်ကရစ်တံတားတစ်စင်းဖြစ်ပြီး ဇူလိုင်လ ၂၇ ရက်နေ့တစ်ရက်တည်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြိုကျပျက်စီးခြင်း ဖြစ်သည်။

ဆန်လတ်

# ဖားကန့်က လူငယ်လေးယောက်ကို လူသတ်မှုဖြင့် ဖမ်းဆီး

ဩဂုတ် ၂

ဖားကန့်မြို့နယ်၊ လုံးခင်း - ဖားကန့်သွားသည့် ကားလမ်းမတွင် အသက် ၃၀ ခန့်ရှိအမျိုးသားတစ်ဦးကို သတ်ဖြတ်သည့် တရားခံဟုယူဆသူ လူငယ်လေးဦးကို ဇူလိုင်လ ၂၇ ရက်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဇူလိုင်လ ၂၂ ရက်က မော်စီစာကျေးရွာ၊ စိတ္တာသုခဘုန်းကြီးကျောင်းအနီးတွင် အသက် ၃၀ ခန့်ရှိ အမျိုးသားတစ်ဦးကို ယင်းလူငယ်လေးဦးက ဓားဖြင့်သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု လုံးခင်းနယ်မြေရဲစခန်းက စစ်ဆေးဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ထိုအမျိုးသားကို သတ်ပြီးနောက် ပြစ်မှုကျူးလွန်သူ လေးဦးသည် ဆိုင်ကယ်သံကြားသဖြင့် ပုန်းရှောင်သွားပြီး ဆိုင်ကယ်ဖြင့်ရောက်လာသည့် အမျိုးသားနှစ်ဦးသည် လူတစ်ဦးလဲကျနေသည်ကိုတွေ့ရှိသဖြင့် အရှိန်လျှော့မောင်းစဉ်တွင်လည်း ထိုလေးဦးက ပုန်းနေရာမှ ဓားရှည်ကိုယ်စီကိုင်ဆောင်ထွက်လာပြီး လိုက်ခုတ်သဖြင့် ဆိုင်ကယ်ကိုပစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ယင်းအမျိုးသားနှစ်ဦးမှာ ဓားဒဏ်ရာတစ်ချက်စီဖြင့် လုံးခင်းတိုက်နယ်ဆေးရုံတွင်ဆေးကုသခံယူခဲ့ရကြောင်း သိရသည်။

မှုခင်းဖြစ်ပွားသည့်နေ့က ဖမ်းဆီးနိုင်ခြင်းမရှိခဲ့သည့် လူငယ်လေးဦးကိုလုံးခင်းနယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၂၄/၁၁၄ တို့ဖြင့် အမှုဖွင့်ကာ တရားခံများကို စုံစမ်းဖော်ထုတ်ရာ ဇူလိုင်လ ၂၄ ရက်က တစ်ဦး၊ ၂၅ ရက်က နှစ်ဦးနှင့် ၂၇ ရက်တွင် တစ်ဦးတို့ကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

မွန်းမွန်းပန်

မြစ်ကြီးနားသတင်းဂျာနယ်
(ဩဂုတ် ၆ ၊ ၂၀၁၈)

# ပထမဆုံးအကြိမ်အဖြစ် မြစ်ကြီးနားတက္ကသိုလ်ကျောင်းသူကျောင်းသားများ ရှမ်းရိုးမတောင်တက်

မြစ်ကြီးနား၊ ဩဂုတ် ၂

မြစ်ကြီးနားတက္ကသိုလ်မှ ကျောင်းသူ/သားများသည် မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်နှင့်အတူ ရှမ်းရိုးမတောင်တက်သည့် ခရီးစဉ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ပါဝင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်နှင့်အတူ တက္ကသိုလ်ပေါင်းစုံတို့ ပူးပေါင်းပြုလုပ်သည့် ရှမ်းရိုးမတောင်တက်ခရီးစဉ်တွင် မြစ်ကြီးနားတက္ကသိုလ် မေဂျာပေါင်းစုံမှ ကျောင်းသူကျောင်းသားများကလည်း ပါဝင်ကာ တောင်တက်ခဲ့ကြခြင်းဖြစ်ကြောင်း မြစ်ကြီးနားတက္ကသိုလ် တောင်တက်အဖွဲ့ခေါင်းဆောင် အရှေ့တိုင်းပညာဌာနမှ ဒေါက်တာထားထားနွယ်ကပြောသည်။



ဓာတ်ပုံ *MMU Hiking Club (Facebook)*

“ဒီဘက်မှာ မူးယစ်ဆေးဝါးတွေ အရမ်းပေါတယ်။ အဲဒါကြောင့် စိတ်ဓါတ်တွေကြံ့ခိုင်အောင် လုပ်ပေးချင်တယ်။ ကျန်းမာတာနဲ့ စိတ်ဓါတ်တွေကြံ့ခိုင်လာမယ်။ တောင်တက်တာက ကျန်းမာရေးသက်သက်ပဲ။ ဒါပေမယ့် အဲဒီကနေ သူငယ်ချင်းအပေါင်းအသင်းတွေရမယ်။ လုပ်ငန်းခွင်တွေ အတွေ့အကြုံရမယ်။ အဲဒီလိုမျိုးတွေကြောင့် သူတို့တွေကို ဆရာမတို့ ခေါ်သွားတာ”ဟု ဒေါက်တာထားထားနွယ်က ပြောသည်။

၎င်းတို့ တောင်တန်းအဖွဲ့တို့သည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မှ အမြင့်ပေ ၆၀၃၅ ပေ ရှိသော ဆင်တောင်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်ရှိ အမြင့်ပေ ၅၈၃၀ပေ ရှိသည့် မြင်းမထိတောင်တို့ကို ၃ ရက်ကြာ တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ဇူလိုင်လ ၂၅ ရက်နေ့မှ စတင်၍ မြစ်ကြီးနားမြို့မှ စတင်ထွက်ခွာခဲ့ကာ ဩဂုတ်လ ၁ ရက်နေ့တွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားတက္ကသိုလ်၌ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်နှင့် ပူးပေါင်းကာ မြစ်ကြီးနားတက္ကသိုလ် တောင်တက်အသင်းကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ဒေါက်တာထားထားနွယ်က ထပ်မံပြောဆိုသည်။

“အသင်းကတော့ ဖွဲ့ထားပြီးပြီ။ ဒါပေမယ့် ဆရာမတို့က အသင်းဝင်တွေကိုတော့ သေသေချာချာမစီစစ်ရသေးဘူး”ဟု ၎င်းက ပြောသည်။

ဖွဲ့စည်းထားသည့် မြစ်ကြီးနားတက္ကသိုလ်တောင်တက်အသင်းအနေဖြင့် ဆက်လက်၍ ပူတာအိုဒေသရှိ ရေခဲတောင်နှင့် မြစ်ကြီးနားမြို့နယ် အောင်မြင်သာကျေးရွာအနီးရှိ အင်ခိုင်ဘွမ်တောင်များသို့လည်း တက်ရောက်သွားရန် အစီအစဉ်ရှိကြောင်းလည်း သိရသည်။

Ah Je/မျိုးမြတ်မြတ်ပန်

# အသည်းရောင်အသားဝါနှင့် နောက်ဆက်တွဲ ရောဂါဖြစ်ပွားမှုနှုန်းသည် မြစ်ကြီးနားမြို့နယ်တွင် အများဆုံးဖြစ်

မြစ်ကြီးနား၊ ဩဂုတ် ၂

မြစ်ကြီးနားမြို့တွင် အသည်းရောင်အသားဝါရောဂါဘီပိုး ဖြစ်ပွားမှုနှုန်းသည် တစ်နိုင်ငံလုံးတွင် အများဆုံးဖြစ်ပြီး လူဦးရေ၏ ၅ ရာခိုင်နှုန်းခန့်ရှိကာ စီပိုးဖြစ်ပွားမှုနှုန်းမှာလည်း ၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အသည်းရောင်ရမ်းခြင်းကို အသည်းရောင်အသာဝါရောဂါဟုခေါ်ပြီး၊ ကူးစက်တတ်သော ရောဂါပိုးတစ်ခုကြောင့် အသည်းရောင်ရမ်းခြင်းဖြစ်ပြီး အသည်းရောင်အသာဝါပိုးများကို အေ၊ဘီ၊စီ၊ဒီ၊အီးဟု အမျိုးအစား ၅ မျိုး ခွဲခြားထားကြောင်းလည်း သိရသည်။




ယင်းရောဂါဝေဒနာ ခံစားနေရသူ ၉၀ ရာခိုင်နှုန်းသည် မိမိကိုယ်တိုင် ရောဂါစွဲကပ်နေကြောင်း သတိမထားမိဘဲ မူးယစ်ဆေးဝါး အကြောထဲထိုးသွင်းသူများတွင် အသည်းရောင်အသားဝါဘီပိုးနှင့် စီပိုးကို ခုခံအားကျဆင်းမှု ကာလသားရောဂါနဲ့ ပူးတွဲတွေ့မြင်ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ National Technical Officer ဒေါက်တာအေးမြတ်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကျွန်မတို့မှာ ၂၀၁၅ ခုနှစ်က အသည်းရောင်အသာဝါဘီပိုးနဲ့ စီပိုးကို သွေးစစ်ပြီးတော့ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ စစ်တမ်းလုပ်ခဲ့တယ်။ သုတေသနစစ်တမ်းတွေအရ မြစ်ကြီးနားမြို့က အသည်းရောင်အသာဝါ စီပိုးကို အများဆုံးတွေ့တယ်။ ဒါကြောင့် အရေးကြီးတဲ့ကဏ္ဍတစ်ခုအနေနဲ့မြစ်ကြီးနားဆေးရုံကြီးမှာ အသည်းရောင်အသာဝါစီပိုးကို ကုသပေးနေခြင်းပါ”ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေါက်တာအေးမြတ်စိုးက ဆက်လက်ပြောပြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အစီရင်ခံစာအရ ၂၀၂၀ ပြည့်နှစ်အရောက် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများရှိ လူဦးရေလူတိုင်း သွေးစစ်သွားရန် လိုအပ်သည်ဟု ဖော်ပြထားပြီး လူဦးရေ သန်း ၄၀ တွင် ၁ သန်းခန့်မှာ အထက်ပါရောဂါ စွဲကပ်လျှက်ရှိကြောင်းလည်း သိရသည်။

၎င်းရောဂါများ ရှိ/မရှိကို နီးစပ်ရာဆေးရုံဆေးခန်းများတွင် သွားရောက်စစ်ဆေးနိုင်ပြီး ရောဂါပိုးရှိခဲ့ပါက ဆရာဝန်ညွှန်ကြားချက် အတိုင်း နည်းလမ်းမှန်ကန်စွာ ကုသမှုခံယူလျှင် ရောဂါပျောက်ကင်းနိုင်ပြီး သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

“လက်ရှိကျွန်မတို့ကတော့ အမျိုးသားအသည်းရောင်အသားဝါစီမံချက်အနေနဲ့မြစ်ကြီးနားမြို့နယ်ဆေးရုံကြီးမှာ ဆေးကုပေးတဲ့ စင်တာစပြီး ဖွင့်လှစ်ထားတယ်။ သို့ပေမယ့် အသုံးပြုတဲ့ ဆေးတွေရဲ့ ကုန်ကျစရိတ်က အရမ်းကြီးတယ်။ ဒီမှာရှိတဲ့ လူနာတိုင်းလူနာတိုင်းကို မကုနိုင်ဘူးပေါ့နော်။ လူနာရဲ့ ရောဂါအခြေအနေပေါ် မူတည်ပြီးမှ ရွေးချယ်ပြီးကုသရတယ်။ လူနာအကုန်လုံးကိုတော့ တစ်ပြိုင်တည်းတော့ မကုသနိုင်ပါဘူး”ဟု အမျိုးသားအသည်းရောင်ကာကွယ်ထိန်းချုပ်ရေးစီမံချက် မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်စန္ဒာအောင်က ပြောသည်။

ကမ္ဘာပေါ်တွင် အသည်းရောင် အသားရောင်အသားဝါရောဂါကြောင့် သေဆုံးနေရသူ နှစ်စဉ် လူဦးရေ ၁ သန်းရှိပြီး ယင်းရောဂါအကြောင်း အသိပညာပေးခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျှက်ရှိကြောင်းလည်း ရန်ကုန်အထူးကုဆေးရုံကြီးမှ အသည်းရောဂါဌာနအထူးကုဆရာဝန်ကြီး ဒေါက်တာခင်နိုင်သင်းက ပြောသည်။

ဆိုင်း(ကချင်မြေ)

WELCOME MONSOON!
But not without
UPG
SMART

2 Types of Waterproofing Solution for All Concrete Structures
အင်္ဂတေအဆောက်အဦးအားလုံးအတွက် အရည်အသွေးမြင့် ရေလုံတားဆေးနှစ်မျိုး

မုတ်သုံမိုးရေတင်မက... သုံးရေ၊ စွန့်ရေအမျိုးမျိုးနဲ့ ထိစပ်နေရတဲ့ သို့မဟုတ် ရေအောက်နစ်မြုပ်နေရတဲ့ အတွင်းနဲ့ အပြင်အင်္ဂတေမျက်နှာပြင်မျိုးစုံ ပါဝင်ရာ...

ရေကူးကန်၊ ရေလှောင်ကန်၊ အင်္ဂတေခေါင်မိုး၊ မြေအောက်ထပ်၊ ရေချိုးခန်း၊ မီးဖိုချောင်၊ ပန်းခြံရေပန်း၊ ရေကန် စသည်တို့အတွက်







• Protect Water Penetration •
• Protect Cracking •
• High Resistance to weather •
• Non-Toxic •

ဘိလပ်မြေအခြေခံ နှစ်မျိုးစပ် ရေလုံတားဆေး

၁၀၀% အခရိုက်လစ်အခြေခံ ရေလုံတားဆေး

Tel: 95-1-200535, 299432

www.upgpaint.com info@upgpaint.com www.facebook.com/upgpaint

ရွှေကံဆင့်

သင်တန်းအပတ်စဉ်(၅၃)အတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီ

၁။ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းဆိုင်ရာ– ကျောက်စိမ်း၊ ပယင်း၊ စိန်၊ ရွှေ ပညာ အထူးသင်တန်း

၂။ ယာဉ်မောင်းနှင့်စက်ပြင်(ကားဝပ်ရှော့)ပညာအထူးသင်တန်း

၃။ ရေစုပ်စက်၊ မီးစက်၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် နှင့် ထော်လာဂျီ ပြုပြင်ခြင်းဆိုင်ရာ အထူးသင်တန်း

၄။ တရုတ်၊အင်္ဂလိပ်၊ဂျပန်စကားပြောအထူးသင်တန်း

ဆက်သွယ်ရန်လိပ်စာ

❖ ရပ်ဝေးသင်တန်းသားများအတွက် နေရေး / စားရေးစီစဉ်ပေးမည်။

အမှတ်(၃၄၂)၊ ကျွန်းပင်သာရပ်၊ ကျွန်းပင်သာလမ်းမကြီးဘေး၊ လယ်ကုန်း–ရဲတပ်ရင်းအနီး ရသာမွှန်စားသောက်ဆိုင် နှင့် အားဘူအလှပြင်ဆိုင်(ဘယ်ဘက်)၊မြစ်ကြီးနားမြို့

ဖုန်း၊ ၀၉ –၇၈၄၉၆၆၃၇၀ ၀၉ –၇၈၄၉၆၆၃၇၁



မြစ်ကြီးနားသတင်းဂျာနယ်

အပတ်စဉ် တနင်္လာ နေ့တိုင်း ထွက်

ကြော်ငြာထည့်သွင်းလိုသူများ ဆက်သွယ်နိုင်သည်
၀၉- ၄၀၀၀၄၈၆၈၀၊၀၉-၄၀၀၀၁၂၁၉၇

Online မှ Pdf မှာယူလိုသူများ myitkyinajournal@gmail.com သို့ဆက်သွယ်နိုင်ပါသည်၊

လပေးနှစ်ချုပ် မှာယူလိုသူများ ဆက်သွယ်ရန်
၀၉- ၄၁၉၄၁၂၉၀၂၊ ၀၉-၄၂၀၀၈၁၉၂၈၊ ၀၉-၂၅၉၀၇၇၄၀၅၊ ၀၉- ၂၅၆၃၆၀၂၇၄

AKZ GROUP

High Class

AIR-CON , AIR SUSPENSION
EXPRESS

မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)




BRAND NEW
SCANIA [ 2+1 ] VIP

ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ

နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။

မြစ်ကြီးနား – 0930242433, 09253186611,0949213323 ၊ ရန်ကုန် – 09420225777,09 420225888, 09793211170, 09793211180

**CBN မှ ဖြန့်ချိမည့် ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကနေရာမှ သရုပ်ဆောင်သွားမည့် ရဝမ်တိုင်းရင်းသားလေး “ရောင်းကူး” (Yawng Ku) သရုပ်ဆောင်မည့် ဇာတ်ကား နာမည်မှာ “ပုံရိပ်စစ်”(The True Reflection)ဆိုသည့် ဇာတ်ကားဖြစ်ပြီး CBN Organization မှ ရိုက်ကူးထားကာ CBN သည် နိုင်ငံတကာတွင် ဇာတ်လမ်း တွဲများ ရိုက်ကူးခဲ့သောအဖွဲ့ဖြစ်သည်။ အဓိက ဇာတ်ဆောင် နေရာ၌ သရုပ်ဆောင်ကာ ရိုက်ကူးနေဆဲကာလတွင် “ရောင်းကူး”အား သူ၏ ဖော်ရွေမှု၊ ရုပ်ရည်ချောမောမှုအပြင် သရုပ်ဆောင်သစ် ဖြစ်သော်လည်း ကျရာ ဇာတ်ကောင်စရိုက်ကို ပီပြင်စွာ သရုပ်ဆောင်နိုင်ခြင်း စသည်တို့ကြောင့် သူနှင့်အတူတူ လုပ်ဖော်ကိုင်ဖက်အနုပညာသမားများ၏ သဘော ကျမှုအပြင် အခြားအနုပညာရှင်များ ဂရုစိုက်လာရသောသူတစ်ယောက် ဖြစ်လာနေပါတယ်။ ဒါ့ကြောင့်လည်း “ရောင်းကူး”ရဲ့ အနုပညာလှုပ်ရှားမှုများကို မြစ်ကြီးနားဂျာနယ် မှ မေးမြန်းထားခဲ့ပါတယ်။**




**မေး။ ။‘ရောင်းကူး’က အခု “The True Reflection” ဇာတ်လမ်းတွဲမှာ သရုပ်ဆောင်နေတယ်ဆိုတော့ ဘယ်အပိုင်းမှာ ပါဝင်သရုပ်ဆောင်ရတာလဲ သိပါရစေလား။**

ဖြေ။ ။ဒီဇာတ်ကားထဲမှာ ကျွန်တော်က ကော်ဖီဆိုင်ဖွင့်ထားပြီး လုပ်ငန်းအောင်မြင်အောင်ကြိုးစားနေတဲ့ ‘မင်းထက်မောင်’ဆိုတဲ့ အဓိက ဇာတ်ကောင်ကနေ သရုပ်ဆောင်နေပါတယ်။

**မေး။ ။ဒီ ဇာတ်လမ်းက ဘယ်ဒါရိုက်တာနဲ့ ရိုက်ကူးနေတာလဲဆိုတာလေး ပြောပြပါလား။**

ဖြေ။ ။ဒါရိုက်တာက‘မရန်ဂျူဒစ်’(Maran Judith)ပါ။ အမျိုးသမီးဒါရိုက်တာပါ။

**မေး။ ။ဒီဇာတ်ကားကို လက်ခံဖြစ်ခဲ့တဲ့ အကြောင်းရင်းလေး ပြောပြပါလား။**

ဖြေ။ ။ဒီဇာတ်ကား လက်ခံဖြစ်တဲ့အဓိက အကြောင်းရင်းက တော့ဇာတ်လမ်းကိုသဘောကျလို့ပါ။အထူးသဖြင့်လူငယ်တွေအတွက်အကျိုးရှိမယ့်ဇာတ်လမ်းကောင်းတစ်ခုဖြစ်မယ်ဆိုတာယုံကြည်ထားတယ်။ ကိုယ်ကတော့ သရုပ်ဆောင်အပိုင်းမှာအသစ် ဘာမှအတွေ့အကြုံမရှိသေးပေမယ့်ကိုယ့်ကိုယ်ယုံကြည်ကြည်နဲ့ တာဝန်ပေးအပ်တဲ့ CBN (Myanmar)ကိုလည်း ကျေးဇူးတင်ပါတယ်။

**မေး။ ။ဇာတ်လမ်းရဲ့ အဓိက သရုပ်ဖော်လိုချက် ပရိတ်သတ်တွေကိုပေးချင်တဲ့ အကြောင်းအရာက ဘာများဖြစ်မလဲ။**

ဖြေ။ ။ဇာတ်လမ်းရဲ့ အဓိက ပေးချင်တဲ့ message က The True Reflection ပုံရိပ်စစ်ဆိုတဲ့ အတိုင်းပဲ လူတိုင်းလူတိုင်းက မျက်စိနဲ့မြင်နေရတဲ့ အပြင်ပန်းသဏ္ဍာန်ကိုကြည့်ပြီးတော့ ဆုံးဖြတ်လို့မရဘူး။ အတွင်းပုံရိပ်ကသာလျှင်ပုံရိပ်စစ်ဖြစ်တယ်။ ပြီးတော့ ဘုရားသခင်ကလူတိုင်းကိုမတူညီသော စိတ်ခံစားမှုတွေ၊ အစွမ်းအစတွေ ပေးထားလို့ လူတိုင်းမှာပုံရိပ်ကောင်းကို ကိုယ်စီပိုင်ဆိုင်ထားကြပြီးသားဖြစ်တယ်။ ဒါကြောင့် နေ့စဉ်အသက်တာထဲမှာ ပုံရိပ်ကောင်းတွေ ထင်ဟပ်သင့်တယ်။ ကိုယ့်လုပ်ဆောင်သော လုပ်ငန်းဆောင်တာအသီးသီးတွေမှာရောဘုရားရဲ့ဦးဆောင်မှုကို ခံယူပြီးလုပ်ဆောင်ရင် ဘယ်လိုအခက်အခဲတွေပဲရှိရှိ နောက်ဆုံးမှာအောင်မြင်မှာသေချာတယ်ဆိုတဲ့ အကြောင်းပါ။

**မေး။ ။Yawng Ku အနေနဲ့ ရှေ့ဆက်ပြီး အနုပညာလှုပ်ရှားမှုတွေ ဆက်ပြီးလုပ်ဖို့ ရည်ရွယ်ထားတာမျိုး ရှိပါသလား၊ ဥပမာ- ကချင်ဇာတ်ကားတွေ ရိုက်ဖို့ ကမ်းလှမ်းလာရင် လက်ခံဖို့ ရှိပါသလားဆိုတာလေး ပြောပြပါလား။**

ဖြေ။ ။အမှန်အတိုင်းပြောရရင်တော့ အနုပညာကိုနှစ်သက်ပါတယ်။ ဆက်လက်အနုပညာလှုပ်ရှားမှုအတွက် ရည်ရွယ်ထားတာ အထူးတလည်တော့မရှိပေမယ့် အများအတွက် အကျိုးရှိမယ့်ဇာတ်ကားတွေ ပညာပေးဇာတ်လမ်းမျိုးတွေလာကမ်းလှမ်းရင်တော့ လက်ခံဖြစ်မယ် ထင်ပါတယ်။

**မေး။ ။ဟုတ်ကဲ့ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

ဖြေ။ ။ဟုတ်၊ ကျနော်လည်း ကျေးဇူး တင်ပါတယ်။

**Mhp Sam**

# မြန်မာနိုင်ငံကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ်နှစ်ဦးမှ ဦးစီးကျင်းပမည့် Mrs. Asia Pacific Kachin State ပြိုင်ပွဲ




မြစ်ကြီးနား၊ ဇူလိုင် ၂၅

မြစ်ကြီးနားမြို့မှ မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့သူ အိမ်ထောင်ရှင်အလှမယ်နှစ်ဦးက ကြီးမှူးကျင်းပမည့် Mrs. Asia Pacific Kachin State အိမ်ထောင်ရှင်အလှမယ်ပွဲကြီးကို လာမည့် စက်တင်ဘာလ ၁ ရက်နေ့တွင် မြစ်ကြီးနားမြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပွဲတွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ်များကို ရွေးချယ်ကာ ရန်ကုန်မြို့တွင်ကျင်းပမည့် Grand Final ပွဲကြီးတွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို GrandFinal ပွဲတွင် ဆုရရှိသူများသည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စင်္ကာပူနှင့် မလေးရှား၌ ကျင်းပသွားမည့် Mrs. Asia Pacific ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဟု Regional Director ဒေါ်ခင်မာဌေးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ စင်္ကာပူနဲ့မလေးရှားနိုင်ငံတွေအထိ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး The Most Encouraging Woman of the year ဆုကိုရရှိခဲ့တဲ့ Mrs. ထူးကေခိုင်နဲ့အတူ ကျွန်မတို့နှစ်ဦး ဦးစီးတဲ့ပွဲမှာ ပြိုင်ပွဲဝင်အားလုံးနဲ့ ပရိသတ်များကို ရင်ခုန်အောင်လို့ Camp သွင်းတဲ့ ကာလကတည်းက ထူးခြားတဲ့အစီအစဉ်လေးတွေ ထည့်စီစဉ်ထားတယ်။ စည်စည်ကားကားနဲ့ အရမ်းကို ခမ်းနားပြီးထူးခြားတဲ့ ပွဲလေးဖြစ်လာမှာပါ”ဟု ဒေါ်ခင်မာဌေးက ပြောသည်။

အဆိုပါ Mrs Asia Pacific Kachin State ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအတွက် လိုအပ်သည့် ညနေခင်းဝတ်စုံများ၊ မြန်မာဝတ်စုံများ၊ Opening Dance Dress၊ မိတ်ကပ်၊ ဓာတ်ပုံနှင့် သွားလာရေးအတွက် လိုအပ်သည်များကို Organization မှ တာဝန်ယူပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

ဆိုင်း (ကချင်မြေ)